# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၇)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **ခေတ်မီနိုင်ငံတော်တည်ဆောက်ဖို့ ဦးဆောင်နိုင်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး




တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာ

**စာမျက်နှာ ၁၇ ကော်လံ ၁**

## အမုန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ


စာမျက်နှာ - ၁၉

## မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတိမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး

**စာမျက်နှာ ၁၈ ကော်လံ ၁** ❖







ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်များပေါကြွယ်ဝစေရေး

မြန်မာနိုင်ငံ၏ရေ မြေ သဘာဝအရင်းအမြစ်ကောင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများသည် နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ဝင်ငွေတိုးတက်လာသည့်အခါ ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၃ ရက်က ကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်ပွဲအခမ်းအနားတွင် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့်လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါးတန်ဖိုးမြင့်ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့်ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်ကြောင်း"**စသည်ဖြင့် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများလေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာဆောင်ရွက်နိုင်ကြစေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်ခဲ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ပေါကြွယ်ဝစေရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရေချိုအရင်းအမြစ်ကြွယ်ဝပြီး သီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေအမြောက်အမြားရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရပညာရှင်များက ကျေးလက်နေပြည်သူများနှင့်အတူတကွပူးပေါင်းကာ မိမိတို့ဒေသရှိစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုမှသည် ပြည်တွင်းစားရေရိက္ခာပေါကြွယ်ဝကာ မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ပြည်တွင်းမှပိုလျှံသည့် လယ်ယာ၊ သားငါးထွက်ကုန်များကို ပြည်ပသို့တင်ပို့သည့်အခါ နိုင်ငံခြားဝင်ငွေရရှိကာ နိုင်ငံ့စီးပွားပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော စိုက်ပျိုးမွေးမြူရေးအဆင့်မြင့်နည်းပညာများကို တတ်မြောက်ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ နိုင်ငံအတွက် စဉ်ဆက်မပြတ်ပေါ်ထွန်းစေရန် လိုအပ်သကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များတွင် ဆည်းပူးပညာသင်ယူနေကြသည့် မျိုးဆက်သစ်လူငယ်များကလည်း မိမိတို့၏ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို လက်ဆင့်ကမ်းပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက်မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မှျင်ငါးပိ ပိဿာချိန် ၆၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း မှျင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မှျင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက်ကုန် မှျင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က အခုလထဲမှာလဲ မှာယူမှုကောင်းနေပါတယ်။ လက်ရှိမှာတော့ မှျင်ငါးပိတွေ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလဲ ကောင်းလာပါတယ်"ဟု ဒေးဒရဲမြို့နယ်မှ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

အဆိုပါ ဒေသထွက် မှျင်ငါးပိများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃၂
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာ ထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ဟုမ္မလင်း နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၇၁၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၄၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၄ ဒသမ ၆၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းမြို့နယ်မှာ စပါး ၆၃၇၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ ရိတ်သိမ်းနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများကို မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာအုပ်စု မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုး ပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက မကျီးပင်ပုကျေးရွာ၌ စတုတ္ထအကြိမ်ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၃၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ သီရိမင်္ဂလာပုလဲကျောင်းဆရာတော် ဦးနာရဒက ဆေးပဒေသာပင်အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လတတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၃ ဒသမ ၄၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၄၉၂၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ လက်ရှိကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်။ နေကြာကို ဆောင်းမှာပဲ ပိုမိုစိုက်ကြပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကြွယ်ကန်ကျေးရွာအုပ်စု ကြွယ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ဒသမ၁သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြွယ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

" ပြီးခဲ့တဲ့ အောက်တိုဘာလထဲမှာ ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ရက် ၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေတာကြောင့် အရင်ကထက်ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ဖျာပုံမြို့နယ်ကနေ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ရက် ၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများခဲ့ပါတယ်"ဟု ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ရက် ၉၀ ဆန်များကို စနစ်တကျ စစ်ဆေးသန့်စင်ပြီးရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ရက် ၉၀ ဆန်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ဖျာပုံမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# အဖျောက်မြို့ရှိ ပိဋကတ်ကျောက်စာများ

မောင်သာ(ရွှေဟောင်းသုတေသန)

မြန်မာနိုင်ငံရှိထင်ရှားသော ပိဋကသုံးပုံကျောက်စာတိုက် ၁၄ တိုက်၊ ပိဋကသုံးပုံ အဋ္ဌကထာကျောက်စာတိုက်နှစ်တိုက်၊ အဘိဓမ္မာဋီကာကျော် ကျောက်စာတိုက်တစ်တိုက်တို့အနက် ကျောက်စာတိုက်သုံးခုသည် ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသည်။ ထိုကျောက်စာတိုက် သုံးခုစလုံးတွင် စိုက်ထူထားသည့် ကျောက်စာများသည် ပိဋကသုံးပုံပါဠိတော် ကျောက်စာများဖြစ်ကြသည်။

သက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၅ ချပ်ကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီဝင်း၌လည်းကောင်း၊ သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာချပ် ၇၂၀ ကို တိုက်ကြီးမြို့နယ် အဖျောက်မြို့ လောကမာန်အောင်ဘုရားဝင်းအတွင်း၌လည်းကောင်း၊ သက္ကရာဇ် ၁၃၃၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၁၀၀၅ ချပ်ကို ရန်ကင်းမြို့နယ် ပဥ္စနိကာယကျောင်းတိုက်၌လည်းကောင်း စိုက်ထူထားသည်။

**တိုက်ကြီးမြို့နယ်ထဲက အဖျောက်မြို့**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဘက်အစွန်တွင် တည်ရှိသည့် တိုက်ကြီးမြို့သည် ၂၀၂၂ ခုနှစ်တွင် ခရိုင်မြို့ဖြစ်လာခဲ့သည်။ တိုက်ကြီးမြို့သည် အင်းဝ-ဟံသာဝတီနှစ် ၄၀ ကြာစစ်အတွင်း၌ မွန်ခံတပ်မြို့တစ်မြို့ဖြစ်ပြီး ဗြိတိသျှတို့မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်တွင် အုပ်ချုပ်ရေးရုံးစိုက်သည့် စီရင်စုတစ်ခုဖြစ်ခဲ့သည်။

၁၈၇၆ ခုနှစ်တွင် ရန်ကုန်-ပြည် မီးရထားလမ်းကို ဖောက်လုပ်စဉ်က တိုက်ကြီးကုန်းရွာ၌ မီးရထားဘူတာဖွင့်လှစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ထိုမီးရထားဘူတာရုံကို တိုက်ကြီးကုန်းမှ မြောက်ဘက်နှစ်မိုင်အကွာရှိ ရှမ်းစုရွာသို့ ပြောင်းရွှေ့ကာ တိုက်ကြီးဘူတာဟု အမည်ပေးခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် တိုက်ကြီးဘူတာရှိသည့် ရှမ်းစုသို့ မြို့ပိုင်ရုံးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာမှ ရှမ်းစုရွာသည် တိုက်ကြီးမြို့အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

အဖျောက်သည် ယခင်က ဇလွန်မြို့နယ်တွင်ပါဝင်ခဲ့သော်လည်း ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် တိုက်ကြီးမြို့နယ်တွင်ပါဝင်သည့် မြို့တစ်မြို့ဖြစ်လာခဲ့သည်။ အဖျောက်၏မူလအမည်သည် ငါးပိဆိပ်ဟု အဓိပ္ပာယ်ရသည့် မွန်စကား အော့ဖရော့ဖြစ်ကာ အဖလောက်ဟုခေါ်တွင်ခဲ့၍ ကာလရွေ့လျောလာချိန်တွင် အဖျောက်ဟုပြောင်းလဲခဲ့သည်။

တိုက်ကြီးမြို့နယ်ကို မြို့သုံးမြို့(တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်)၊ ရပ်ကွက်၂၀၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာ ၄၆၂ ရွာဖြင့်ဖွဲ့စည်းထားကာ တိုက်ကြီးမြို့နှင့် ဥက္ကံမြို့သည် ရန်ကုန်-ပြည် မော်တော်ကားလမ်းမပေါ်တွင်တည်ရှိပြီး အဖျောက်မြို့သည် တိုက်ကြီးမြို့မှ အနောက်မြောက်ဘက်သို့ ၂၄ မိုင် အကွာ ဧရာဝတီမြစ်ကမ်းအနီး၌ တည်ရှိသည်။

ဧရာဝတီမြစ်သည် အဖျောက်မြို့နှင့် ရေပေါ်သောင်ကျေးရွာအနီးမှဖြတ်ကာ မြောက်မှတောင်သို့ စီးဆင်းသည်။ ဧရာဝတီမြစ်ရေကြီးချိန်တွင် အဖျောက်သည် ရေလွှမ်းမိုးနိုင်သည့် အန္တရာယ်များနှင့်ကြုံတွေ့ရသဖြင့် မြို့ကိုမြေသားတမံဖြင့် ကာရံထားသည်။

အဖျောက်မြို့ကို ရပ်ကွက်လေးခုဖြင့် ဖွဲ့စည်းထားပြီး အမှတ် (၄) ရပ်ကွက်ရှိ ပန်းတုံးပိတ်ကျောင်း၊ သိမ်ကျောင်းမှတ်တမ်းအရ ကိုလိုနီခေတ်တွင် တိုက်သူကြီး ဦးလူမောင်က အဖျောက်၊ ရင်ဇ၊ အထွင်မှုနှင့် ပိုင်ကျုံတိုက်နယ်လေးခုကို အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ အဖျောက်သူကြီး ဦးကျော်လှိုင်လက်ထက်တွင် အဖျောက်ကို မြို့ကွက်ရိုက်ခဲ့ကာ တော်လှန်ရေးကောင်စီခေတ်တွင် အဖျောက်ကို လက်ထောက်မြို့ပိုင်က အုပ်ချုပ်ခဲ့သည်။

**အင်းဝကျောင်းတိုက်နှင့် သံတန်ဆောင်း**

အဖျောက်မြို့ အမှတ်(၁) ရပ်ကွက်တွင်တည်ရှိသည့် အင်းဝကျောင်းတိုက်ကို သက္ကရာဇ် ၁၂၃၅ ခုနှစ် (ခရစ်နှစ် ၁၈၇၄ ခုနှစ်)တွင် တည်ထောင်ခဲ့ပြီး ကျောင်းတိုက်အတွင်းရှိ နှစ်ထပ်အုတ်တိုက်ကြီးသည် သက်တမ်း နှစ် ၁၅၀ ကျော်ပြီဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၏ ဆဋ္ဌသံဂီတိ ဩဝါဒါစရိယဆရာတော်တစ်ပါးဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစာရသည် အင်းဝကျောင်းတိုက်တွင် ပျံလွန်တော်မူချိန်ထိ သီတင်းသုံးခဲ့သည်။ ဆရာတော်သည် ဟိတောပဒေသကျမ်းကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ယခုအချိန်တွင် အင်းဝရှေးဟောင်းကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ထားပြီး ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက စီမံအုပ်ချုပ်လျက်ရှိသည်။



အဖျောက်ကျောက်စာတိုက်မှ ပိဋကသုံးပုံကျောက်စာများကို တွေ့ရစဉ်။

အဖျောက်မြို့၏ ထင်ရှားသောဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခုဖြစ်သည့် လောကမာန်အောင်ဘုရားနှင့်သံတန်ဆောင်းသည် အမှတ်(၃)ရပ်ကွက်တွင် တည်ရှိကာ သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည်။

ထိုသံတန်ဆောင်း၌ ဝေနေယျသုခလောကမာန်အောင် ပြည်လုံးကျက်သရေဟု ဘွဲ့မည်တွင်ပြီး ဉာဏ်တော်ကိုးတောင်မြင့်သော ဗုဒ္ဓဆင်းတုတော် သီတင်းသုံးလျက်ရှိသည်။ သံတန်ဆောင်း၏ အကျယ်အဝန်းသည် အလျား ပေ ၁၅၀၊ အနံ ၉၅ ပေ ဖြစ်သည်။ ၎င်းကျောင်းကို မြန်မာမှုလက်ရာ စုလစ်မွမ်းချွန်များဖြင့် သက္ကရာဇ် ၁၂၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်တွင် တည်ခဲ့သည်။

စံကျောင်းအတွင်း၌ သီတင်းသုံးနေသည့် ထိုင်တော်မူ စကျင်ကျောက်ဗုဒ္ဓရုပ်ပွားတော်ကို သက္ကရာဇ် ၁၂၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် (၁၉၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)တွင် စတင်ထုလုပ်ခဲ့သည်။ ရုပ်ပွားတော်ကြီးထုလုပ်ရန် အလှူရှင် ဦးပွကြီးက ငွေကျပ် ၁၀၀၀ မတည်ခဲ့ပြီး အလှူရှင်ဦးရေ ၁၃၀ တို့၏ စုပေါင်းအလှူတော်ငွေ ၄၅၅၄ ကျပ်ဖြင့် ထုလုပ်ပူဇော်ခဲ့သည်။

အလှူရှင် ဦးပွကြီးနှင့် ဒေါ်မမတို့သည် ဗုဒ္ဓရုပ်ပွားတော်ထားရှိရန် သံဂန္ဓကုဋိတိုက်စံကျောင်းကို တည်ဆောက်လှူဒါန်းခဲ့ရာ မဟာသံတန်ဆောင်းဟုထင်ရှားခဲ့သည်။ တန်ဆောင်းကို သံများဖြင့်သာ တည်ဆောက်ရန် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရားတန်ဆောင်းကို လေ့လာခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ သံတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်ကိန်းဝပ်စံပယ်သည့်ဂန္ဓကုဋိတိုက်သည် အလျား ၇၈ ပေ၊ အနံ ပေ ၃၀ ကျယ်ဝန်းသည်။ အတွင်းဂန္ဓကုဋိတိုက်အမိုး၏အလယ်တွင် လောကမာန်အောင်စေတီကို တည်ထားသည်။

ဦးပွကြီးသည်သံတန်ဆောင်းတော်တည်ဆောက်ရာတွင် သံထည်ပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းကို တရုတ်လူမျိုး ဦးအာရှူးကိုလည်းကောင်း၊ ပန်းရန်ပိုင်းဆိုင်ရာလုပ်ငန်းများကို အိန္ဒိယလူမျိုး အဒူလာမစ် ခေါ် ဦးမဲဇလီကိုလည်းကောင်း အပ်နှံခဲ့သည်။ တန်ဆောင်း၏ နတ်လမ်းစောင်းတန်းသည် ၁၂ ဒသမ ၅ ပေကျယ်သည့် ခန်းပွင့် ၃၄ ခုရှိ၍ ၄၂၅ ပေရှည်လျားသည်။ နတ်လမ်းကြမ်းခင်းကို အင်္ဂတေလောင်း၍သစ်သားမပါဘဲ သံတိုင်၊ သံထောက်၊ သံတန်းများဖြင့်သာ တည်ဆောက်ခဲ့သည်။ စောင်းတန်းသည် ကြမ်းခင်းများကို ပြန်လည်ပြုပြင်၍ ကြွေပြားများခင်းထားခြင်းနှင့် အမိုးများလဲထားခြင်းမှလွဲ၍ မူလလက်ရာအတိုင်း တည်ရှိနေဆဲဖြစ်သည်။ စောင်းတန်းမုခ်ဦးအဝင် အမိုးပေါ်တွင် ပြာသာဒ်သုံးဆင့်ခံလျက် စေတီငယ်တစ်ဆူကိုလည်း တည်ထားသည်။

**ပိဋကတ်တော်ကျောက်စာများ**

အဖျောက်မြို့ရှိ ပိဋကသုံးပုံကျောက်စာတိုက်များကို သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင်တည်ဆောက်ကာ ကျောက်စာချပ်များကိုစိုက်ထူခဲ့သည်။ ပိဋကတ်ကျောက်စာများနှင့်ကျောက်စာတိုက်များ၏အလှူရှင်သည် အဖျောက်မြို့ လောကမာန်အောင်ဘုရား၊ သံတန်ဆောင်း ဒါယကာ ဦးပွကြီးနှင့်ဇနီး ဒေါ်မမတို့ဖြစ်သည်။ မင်းတုန်းမင်းကြီး၏အလှူတော် ပိဋကတ်ကျောက်စာများကဲ့သို့ပင် အောက်မြန်မာနိုင်ငံတွင်လည်း ပိဋကတ်ကျောက်စာများရှိသင့်သည်ဟုယူဆခဲ့သည့် ဦးပွကြီးနှင့်ဇနီးသည် ပိဋကတ်ကျောက်စာများ ထွင်းထုရန် သက္ကရာဇ် ၁၂၈၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက် (၁၉၂၁ ခုနှစ် စက်တင်ဘာ ၁ ရက်) တွင် မန္တလေးမြို့ကျောက်ဆစ်တန်းမှ နိဗ္ဗာန်ကုန်သည် ဦးအောင်ဘနှင့် သား မောင်ကျော်စိန်တို့ကို လုပ်ငန်းအပ်နှံခဲ့သည်။

အဖျောက်ကျောက်စာရုံငါးရုံရှိ ပိဋကတ်တော်များသည် သုတ္တန်ပိဋကတ်တော် ၄၀၃ ချပ်၊ ဝိနည်းပိဋကတ်တော် ၁၁၂ ချပ်၊ အဘိဓမ္မာပိဋကတ်တော် ၂၀၅ ချပ် စုစုပေါင်း အချပ် ၇၂၀ ဖြစ်သည်။ နိကာယ်ငါးရပ်ဖြင့် ရေတွက်ပါက ဒီဃနိကာယ် ၄၅ ချပ်၊ မဇ္ဈိမနိကာယ် ၆၉ ချပ်၊ သံယုတ္တနိကာယ် ၅၅ ချပ်၊ အင်္ဂုတ္တရနိကာယ် ၆၅ ချပ်၊ ခုဒ္ဒကနိကာယ် ၄၈၆ ချပ်ဖြစ်သည်။

ပိဋကတ်ကျောက်စာချပ်များသည် အမြင့် ငါးပေမှ ငါးပေငါးလက်မ၊ အောက်ပိုင်းအကျယ် သုံးပေလေးလက်မ၊ အပေါ်ပိုင်းအကျယ် သုံးပေရှစ်လက်မှ သုံးပေ ၁၀ လက်မ၊ အထူငါးလက်မဖြစ်ကာ မြေဝင်တစ်ပေရှစ်လက်မဖြစ်သည်။

အဆောင်အမှတ် (၄) နှင့် (၅) အဆောက်အအုံနှစ်ခု၏ အမိုးထောင့်စွန်းများတွင် စေတီငယ်လေးဆူစီ တည်ထားပြီး အဆောက်အအုံအပေါ်ပိုင်း နံရံလေးဖက်အလယ်ကို ကဒေါင်းရုပ်များဖြင့် အလှဆင်ထားသည်။

**ပိဋကတ်တော်များ ထွင်းထုခြင်း**

အဖျောက်မြို့တွင်ထားရှိမည့် ပိဋကတ် ကျောက်စာချပ် ၇၂၀ ကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာတွင် ဦးအောင်ဘနှင့် သား မောင်ကျော်စိန်တို့က ဦးစီးထုလုပ်ခဲ့သည်။ ကျောက်စာပါ ပိဋကတ်တော်များသည် ကုသိုလ်တော်ဘုရားကျောက်စာများကို ပုံနှိပ်ထားသည့် ဟံသာဝတီတိုက်ထုတ် စာအုပ်ပါမူအတိုင်းဖြစ်သည်။

ပဥ္စမသင်္ဂါယနာတင်မူ ပိဋကတ်တော် စာအုပ်ပါ စာကြောင်းသုံးကြောင်းကို ကျောက်ပြားပေါ်တွင် စာကြောင်းတစ်ကြောင်း ရေးထိုးထားကာ စာကြောင်း ၃၀ ပါရှိသည့် စာမျက်နှာရှစ်မျက်နှာ (စာရွက်လေးရွက်)သည် ကျောက်စာတစ်ချပ်ဖြစ်သည်။ ကျောက်စာချပ် ရှေ့နောက်နှစ်ဖက်စလုံးတွင် ပိဋကတ်တော်များ ထွင်းထုသဖြင့် ယေဘုယျအားဖြင့် ပုံနှိပ်စာရွက် ရှစ်ရွက်သည် ကျောက်စာတစ်ချပ်ဖြစ်သည်။ ကျောက်စာအရွယ်အပေါ်မူတည်လျက် ကျောက်စာတစ်ချပ်တွင် စာကြောင်း ၈၀ မှ စာကြောင်း ၉၀ ကြားရှိသည်။

ဝိနည်းပိဋကတ်ကျောက်စာချပ်များကို စကျင်ရွာတွင်ရေးထွင်းပြီးမှ အဖျောက်သို့ယူဆောင်ခဲ့ပြီး သုတ္တန်နှင့် အဘိဓမ္မာကျောက်စာများကိုမူ အဖျောက်မြို့သို့ ယူဆောင်လာပြီးမှ ရေးထွင်းခဲ့ကြသည်။

စကျင်ရွာတွင်ရေးထွင်းခဲ့သည့် ကျောက်စာများကို ဦးဝဏ္ဏ၊ ဦးစံလှ၊ ဦးဘခိုင်တို့က ကြည့်ရှုကြပ်မတ်ခဲ့သည်။ အဖျောက်မြို့တွင် ရေးထွင်းခဲ့သည့် ကျောက်စာများကို စကျင်ရွာမှ လိုက်ပါလာခဲ့ကြသော ပညာရှင်များဖြစ်ကြသည့် ဦးကျော်အေး၊ ဆရာသြကြီး၊ ဆရာတော်ကြီး ညီအစ်ကိုနှစ်ဦး၊ ဓနုဖြူ ဦးဘခိုင်၊ ထုံးတပို့ရွာမှ ဦးကျော်ဖေနှင့် အဖျောက်မြို့ခံများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကျောက်စာများတွင် စာသားများရေးသားစဉ်က တစ်ကြိမ်၊ မင်သွင်းပြီးချိန်တွင် တစ်ကြိမ် အဖျောက်မြို့ တောရကျောင်းတိုက်ဆရာတော် ဦးမေဓင်္ဂရနှင့် မတ္တရာမြို့နယ် စကျင်ရွာဇာတိ လူပြန်တော်ပညာရှိ ဆရာကြီး ဦးပိုးတို့က မူရင်းကျမ်းစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးခဲ့သဖြင့် သန့်စင်သော ပိဋကတ်တော်ကျောက်စာများကို ရရှိခဲ့သည်။

အဖျောက်မြို့မှ အလှူရှင် ဦးပွကြီးနှင့်ဇနီး ဒေါ်မမတို့၏ ကုသိုလ်တော်စာရင်းကျောက်စာမော်ကွန်းသံပိုင်းလွှာကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ရေးသားစီကုံးပြီး သံတန်ဆောင်းအတွင်း၊ စက်တော်ရာပါဒစေတီတော် တည်ရှိသည့်အဆောင်တွင် စိုက်ထူထားသည်။

ပဥ္စမသင်္ဂါယနာမူ ပိဋကတ်တော်များကို ကျောက်စာဖြင့် ထွင်းထုမှတ်တမ်းတင်ခဲ့သည့် အလှူရှင် ဦးပွကြီး၏ အလှူတော်သည် နှစ်ကာလရှည်ကြာလာချိန်တွင် အဖျောက်မြို့၏ ဂုဏ်ဆောင်မှတ်တိုင်တစ်ခုဖြစ်လာခဲ့ကာ ၎င်းကျောက်စာများနှင့် သံတန်ဆောင်းတော်ကို အလှူရှင်၏ အမွေခံများက ၁၉၈၁ ခုနှစ် ဧပြီ ၂ ရက်တွင် အဖျောက်မြို့ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ လွှဲပြောင်းခဲ့သည်။

ယခုအခါတွင် အဖျောက်မြို့ရှိ လောကမာန်အောင်ဘုရားသံတန်ဆောင်းနှင့် ပိဋကတ်ကျောက်စာများသည် အဆောက်အအုံများအတွင်း စုစည်းစိုက်ထူထားသောကျောက်စာရုံများတွင် အထင်ရှားဆုံးဖြစ်၍ သံဃိကပိုင် ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **တိုက်ကြီးမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
- **လောကမာန်အောင်မြတ်ဘုရားကြီး (မောင်အေးကျော် ၊ အဖျောက်)**
- **အဖျောက်မြို့ နိကာယ်ငါးရပ်နှင့် ပိဋကသုံးပုံကျောက်စာများ(ရွှေမြင့်စိုး)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၂၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းဧက ၂၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၂၂၄ ဧက၊ ဖူးစားပြောင်း ၇၂၆ ဧက စုစုပေါင်းဧက ၇၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၀၄၈ ဧက၊ ဖူးစားပြောင်း ၂၀၂ ဧက စုစုပေါင်း ဧက ၂၂၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပြောင်းဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ဒုံးညောင်မှိုင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒုံးညောင်မှိုင်းကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဒုံးညောင်မှိုင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးက ကျေးရွာရေရရှိရေး ကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဒုံးညောင်မှိုင်းကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၆၆ ဒသမ ၇ သန်းဖြင့် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၆ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးသွားသည့်အတွက် ဒုံးညောင်မှိုင်းကျေးရွာရှိ အိမ် ၁၁၉ အိမ်မှ လူဦးရေ ၆၈၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိပြီဖြစ်ကြောင်း မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

## နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

\- တို့နိုင်ငံ လယ်ယာကဏ္ဍ
စိုက်ပျိုးကြ ကျေးလက်တစ်ခွင်၊
နွေ မိုး ဆောင်း စပါးစိုက်
ပျော်ပိုက်လို့ ရွှင်၊
သီးထပ် သီးညှပ် မျိုးစုံလင်
စားသီးပင် ဝမ်းစာကောင်း၊
သီးနှံပေါ် စပါးထွက်တိုးဖို့
ကြိုးစားစေကြောင်း။

\- မွေးမြူရေး ကဏ္ဍတစ်ရပ်
ကြက် ဝက် ဘဲ ဆိတ် တစ်နိုင်တစ်ပိုင်၊
ရေလုပ်သားတို့ ဝမ်းစာကောင်း
မြစ်ချောင်းအင်းအိုင်၊
သားငါးပုစွန် ပေါများလှိုင်
ထုတ်လုပ်မြှင့် ဝင်ငွေတိုး၊
နိုင်ငံတော် ရွှေသီးတဲ့
ကြီးမြတ်အမျိုး။

\- လက်မှုမှ စက်မှုပြောင်း
လယ်ယာကောင်း ကဏ္ဍမှသည်၊
အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ
အားပေးကြမည်၊
လက်ရက်ကန်းမှ စက်ရက်ကန်းဆီ
အားမာန်ချီ ပြည်တွင်းထုတ်၊
ကိုယ့်နိုင်ငံ လိုအပ်သမျှ
ရအောင်ကြိုးကုတ်။

\- နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်ဖို့ အားပေးပါ၊
လိုအပ်သော အရင်းအနှီး
ချေးငွားလျက်သာ၊
လမ်းတံတား ဆက်သွယ်ရေးမှာ
ဖြောင့်ဖြူးကာ လွန်အေးချမ်း၊
တို့မြန်ပြည် ရွှေအလှဆင်လို့
မြင်ရရွှင်လန်း။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားနှင့် မတော်တဆ ပဋိပက္ခဖြစ်နိုင်ခြေ မြင့်မားနေကြောင်း တောင်ကိုရီးယားသမ္မတ သတိပေး



ဆိုးလ် နိုဝင်ဘာ ၂၅

မြောက်ကိုရီးယား နိုင်ငံနှင့် မတော်တဆ ပဋိပက္ခဖြစ်နိုင်ခြေ မြင့်မားနေကြောင်း တောင်ကိုရီးယားသမ္မတလီဂျေးမြောင်က နိုဝင်ဘာ ၂၄ ရက်တွင် သတိပေးလိုက်သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတ လီဂျေးမြောင်သည် ယခုနှစ် ဇွန်လတွင် သမ္မတရာထူး ရယူပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုများလျှော့ချရေးအတွက် ကြိုးပမ်းနေသူ ဖြစ်သည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် ဆက်ဆံရေးလမ်းကြောင်း အားလုံး ဖြတ်တောက်ထားရာ တောင်နှင့် မြောက် ကိုရီးယားနှစ်နိုင်ငံကြား မတော်တဆ ပဋိပက္ခဖြစ်နိုင်ခြေ မြင့်မားနေကြောင်း သမ္မတလီဂျေးမြောင်က ပြောကြားခဲ့သည်။

တောင်နှင့် မြောက် ကိုရီးယားနှစ်နိုင်ငံတို့၏ လက်ရှိဆက်ဆံရေး အခြေအနေသည် ရန်လိုနေသည့် ဆက်ဆံရေး၊ ထိပ်တိုက်ရင်ဆိုင်မှု သဘောဆောင်သည့် ဆက်ဆံရေးပုံစံမျိုးဖြစ်နေကြောင်း သမ္မတလီဂျေးမြောင်က သုံးသပ်ထားသည်။

နှစ်နိုင်ငံတင်းမာမှုများ လျှော့ချရေးအတွက် မည်သည့်ခြွင်းချက်မျှ မထားဘဲ ဆွေးနွေးရန် တောင်ကိုရီးယားသမ္မတက ကမ်းလှမ်းထားသော်လည်း မြောက်ကိုရီးယားဘက်မှ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

တောင်နှင့် မြောက် ကိုရီးယားနှစ်နိုင်ငံတို့သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်စစ်ပွဲကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် ရပ်ထားခြင်းဖြစ်ရာ လက်တွေ့အားဖြင့် နှစ်နိုင်ငံကြား ပဋိပက္ခဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နယူးဇီလန်နိုင်ငံ အိုရာကီတောင်ထိပ်၌ တောင်တက်သမားနှစ်ဦး ပြုတ်ကျသေဆုံး

ဝယ်လင်တန် နိုဝင်ဘာ ၂၅

နယူးဇီလန်နိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သော အိုရာကီတောင်ထိပ်ပေါ်သို့ တက်ရောက်ရန် ကြိုးပမ်းနေစဉ် တောင်တက်သမားနှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း နယူးဇီလန် တာဝန်ရှိသူများက ယနေ့တွင် သတင်း ထုတ်ပြန်ထားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ တောင်တက်သမားလေးဦးအနက် နှစ်ဦးမှာ အိုရာကီတောင်ထိပ်အနီးတွင် ခြေချော်ပြုတ်ကျ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်တာဝန်ရှိသူများက ပြောကြားထားသည်။

မြေပြင်အနေအထားကြမ်းတမ်းမှုကြောင့် သေဆုံးသူ တောင်တက်သမားနှစ်ဦး၏ ရုပ်အလောင်းများကို ခက်ခက်ခဲခဲ ပြန်လည်ရယူခဲ့ရကြောင်း သိရသည်။

ကျန်တောင်တက်သမားနှစ်ဦးကို ရဟတ်ယာဉ်တစ်စင်း အသုံးပြု၍ ကယ်တင်နိုင်ခဲ့ကြောင်း နယူးဇီလန် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ တောင်တက်သမားလေးဦးသည် နိုဝင်ဘာ ၂၄ ရက်တွင် အိုရာကီ တောင်ထိပ်ပေါ်သို့ တက်ရောက်နေစဉ် မတော်တဆမှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

အိုရာကီ တောင်သည်အော့ဝ် တောင်တန်း တောင်ဘက်ပိုင်း၌ တည်ရှိပြီး အမြင့် ၁၂၁၈ ပေရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့ ဖုန်းခေါ်ဆို ဆွေးနွေး



ပေကျင်း နိုဝင်ဘာ ၂၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် နိုဝင်ဘာ ၂၄ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဖုန်းခေါ်ဆွေးနွေးပွဲတွင် လာမည့်နှစ် ဧပြီလအတွင်း ပေကျင်းမြို့သို့ အလည်အပတ်လာရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဖိတ်ကြားခဲ့ရာ ၎င်းဖိတ်ကြားချက်ကို မိမိကလည်း လက်ခံခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားထားသည်။

နိုဝင်ဘာ ၂၄ ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် သမ္မတရှီကျင့်ဖျင်နှင့် သမ္မတဒေါ်နယ်ထရမ့်တို့သည် ယူကရိန်းပြဿနာ၊ တရုတ်(ထိုင်ဝမ်)ပြဿနာ၊ ဖင်တနိုင်း မူးယစ်ဆေးဝါး ပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာသို့ တရုတ်(ထိုင်ဝမ်) ပြန်လည် ရောက်ရှိရေးသည် စစ်လွန်ခေတ် နိုင်ငံတကာအခင်းအကျင်း၏ အဓိကအစိတ်အပိုင်းဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ပြောကြားခဲ့သည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးမှာ အထူးအားကောင်းနေကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့သည် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ လူချင်းတွေ့ဆုံခဲ့ပြီး တစ်လနီးပါးအကြာတွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပြင်သစ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးများ ပဲရစ်မြို့၌ တွေ့ဆုံဆွေးနွေးရန်စီစဉ်

ပဲရစ် နိုဝင်ဘာ ၂၅

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ယန်နိုဲလ်ဘာရော့သည် နိုဝင်ဘာ ၂၆ ရက်တွင် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာချီနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၆ ရက်ဆွေးနွေးပွဲတွင် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ၊ ဒေသတွင်း ပြဿနာများနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

ထို့ပြင် အငြင်းပွားဖွယ်ဖြစ်နေသည့် အီရန် နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍လည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


အီရန် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာချီ၏ နိုဝင်ဘာ၂၆ ရက် ပြင်သစ်ခရီးစဉ်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ပြင်သစ်နိုင်ငံသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်အတွက် အီရန်နှင့် လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့အင်အားကြီး နိုင်ငံ ခြောက်နိုင်ငံထဲတွင် ပါဝင်လျက်ရှိသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး၏ ပြင်သစ်ခရီးစဉ်အတွင်း ပြင်သစ်နိုင်ငံ၌ရှိနေပြီး အီရန်နိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့် ပိတ်ပင်ခံထားရသော အီရန်ကျောင်းသားတစ်ဦးကိစ္စကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO





# ဗင်နီဇွဲလားနိုင်ငံ၏ ဒုစရိုက်အုပ်စုတစ်စုကို ပြည်ပအကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်နိုင်ငံ သတ်မှတ်

ဝါရှင်တန် နိုဝင်ဘာ ၂၅

ဗင်နီဇွဲလားနိုင်ငံ အခြေစိုက် ကာတယ်လ်ဒီလော့စ်ဆိုလက်စ် အမည်ရှိ ဒုစရိုက်အုပ်စုတစ်စုကို ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမေရိကန်အစိုးရက နိုဝင်ဘာ ၂၄ ရက်တွင် ကြေညာလိုက်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် တရားဝင် သတ်မှတ်လိုက်ခြင်းဖြင့် ကာတယ်လ်ဒီလော့စ်ဆိုလက်စ်ဂိုဏ်းကို အကြမ်းဖက်ဝါဒနှင့် ဆက်စပ်နေသောကြောင့် အရေးယူပိတ်ဆို့မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ကာတယ်လ်ဒီလော့စ်ဆိုလက်စ်ဂိုဏ်း၏တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်ရေးလုပ်ငန်းများ၌ ဗင်နီဇွဲလားသမ္မတနှင့် အစိုးရထိပ်တန်းတာဝန်ရှိသူများ ပါဝင်ပတ်သက်နေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားပြီး ထိုစွပ်စွဲချက်ကို ဗင်နီဇွဲလားအစိုးရက ငြင်းပယ်ထားသည်။

ထို့အတူ ကာတယ်လ်ဒီလော့စ်ဆိုလက်စ်အဖွဲ့ကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမေရိကန်အစိုးရက သတ်မှတ်ကြေညာမှုကိုလည်း ဗင်နီဇွဲလားအစိုးရက ငြင်းပယ်ထားသည်။

အမေရိကန်အစိုးရ အနေဖြင့် အမှန်တကယ်မရှိသည့် အဖွဲ့အစည်းတစ်ခုကို ပြည်ပအကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ရန် ကြိုးပမ်းနေကြောင်း ဗင်နီဇွဲလားအစိုးရက ဝေဖန်ထားသည်။

ထို့ပြင် အမေရိကန်အစိုးရသည် ဗင်နီဇွဲလားနိုင်ငံ၌ အစိုးရအပြောင်းအလဲဖြစ်စေရန် ကြံစည်နေကြောင်း ဗင်နီဇွဲလားအစိုးရက စွပ်စွဲထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက Starship ဒုံးပျံပုံစံ-၃ အမျိုးအစား၏ ပထမအဆင့် ပင်မဒုံးပျံဖြစ်သော စူပါဟဲဗီးဒုံးပျံကို စမ်းသပ်မှုများစတင်ပြုလုပ်



**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံပုံစံ-၃ အမျိုးအစား၏ ပထမအဆင့် ပင်မဒုံးပျံဖြစ်သော စူပါဟဲဗီးဒုံးပျံကို စမ်းသပ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီသုံး Starship ဒုံးပျံပုံစံ-၃ အမျိုးအစားကို ယခုနှစ် ဩဂုတ်လနှင့် အောက်တိုဘာလတို့တွင် အောင်မြင်စွာ လွှတ်တင်ခဲ့သည့် Starship ဒုံးပျံပုံစံ-၂ ဒုံးပျံများနေရာတွင် အစားထိုး အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံပုံစံ-၃ ၏ စူပါဟဲဗီး ပင်မဒုံးပျံစမ်းသပ်မှုကို ဆောက်တက္ကဆက်ဒေသ စတားဘေ့ အာကာသစခန်း၌ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကနဦးအဆင့်အနေဖြင့် အဆိုပါစူပါဟဲဗီးဒုံးပျံသစ်၏ ပြန်လည်ပုံစံရေးဆွဲ တည်ဆောက်ထားသည့် ဒုံးကန်အားစနစ်များနှင့် ဒုံးပျံ၏ ဖွဲ့စည်းပုံခိုင်ခံ့မှုတို့ကို စမ်းသပ်နေသည်ဟု စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Starship ဒုံးပျံ ပုံစံ-၂ နှင့် Starship ဒုံးပျံ ပုံစံ-၃ တို့သည် ပုံစံချင်း အလွန်တူညီသော်လည်း Starship ဒုံးပျံပုံစံ-၃ မှာ အလျားအားဖြင့် Starship ဒုံးပျံပုံစံ-၂ ထက် ငါးပေပိုရှည်လျားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း Starship ဒုံးပျံ ပုံစံ-၂ များကို ငါးကြိမ်လွှတ်တင်ခဲ့ရာ နှစ်ကြိမ်သာ ရည်ရွယ်ထားသည့်အတိုင်း အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စနေဂြိုဟ်၏ ခါးပတ်ကွင်းများ ကမ္ဘာဂြိုဟ်မြင်ကွင်းမှ စတင်ပျောက်ကွယ်နေပြီဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

စနေဂြိုဟ်၏ ခါးပတ်ကွင်းများသည် နိုဝင်ဘာ ၂၃ ရက်မှစ၍ ကမ္ဘာဂြိုဟ်မြင်ကွင်းမှ စတင်ပျောက်ကွယ်နေပြီ ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

စနေဂြိုဟ်ခါးပတ်ကွင်းများ ကမ္ဘာ့မြင်ကွင်းမှ ပျောက်ကွယ်မှုဖြစ်စဉ်ကို Ring-Plane Crossing ဟူ၍ သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။



Ring-Plane Crossing ဖြစ်စဉ်သည် စနေဂြိုဟ်နှင့် ကမ္ဘာဂြိုဟ် တစ်တန်းတည်း ကျရောက်ချိန်တွင် ဖြစ်ပွားတတ်သည့်အာကာသဖြစ်စဉ်တစ်မျိုးဖြစ်သည်။

စနေဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် အလွန်ပါးလွှာသောစနေဂြိုဟ်ခါးပတ်ကွင်းအနားစွန်းများသည်သာ ကမ္ဘာဂြိုဟ်ဘက်သို့ မျက်နှာမူထားသည်ဖြစ်ရာ ကမ္ဘာပေါ်မှ ကြည့်ပါက စနေဂြိုဟ်ခါးပတ်ကွင်းများပျောက်ကွယ်နေခြင်းဖြစ်သည်။

သို့ရာတွင် နောက်ပိုင်းကာလများတွင် စနေဂြိုဟ်၏ခါးပတ်ကွင်းများမှာ လာမည့်လများအတွင်း တဖြည်းဖြည်းကျယ်ပြန့်လာမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် ၎င်းခါးပတ်ကွင်းများကို အပြည့်အဝပြန်လည်မြင်တွေ့နိုင်မည်ဖြစ်သည်။

Ring-Plane Crossing ဖြစ်စဉ်များသည် အထိုက်အလျောက် ရှားပါးပြီး ၁၃ နှစ်လျှင် တစ်ကြိမ်သို့မဟုတ် ၁၆ နှစ်လျှင်တစ်ကြိမ် ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဂျပန်နိုင်ငံ ရီကန်းသုတေသနစင်တာမှ သိပ္ပံပညာရှင်များက နဂါးငွေ့တန်းကြယ်စု၏ အသေးစိတ်အကျဆုံးမြေပုံကို ရေးဆွဲနိုင်ခဲ့

**တိုကျို နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံ ရီကန်းသုတေသနစင်တာမှ သိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စု၏ အသေးစိတ်အကျဆုံးမြေပုံကို ရေးဆွဲနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ဂျပန်သိပ္ပံပညာရှင်များရေးဆွဲထားသော နဂါးငွေ့တန်းကြယ်စုမြေပုံ၌ ကြယ်ပေါင်း ဘီလီယံ ၁၀၀ ကျော်ထိ ပါဝင်ကြောင်း သိရသည်။

သာမန်အားဖြင့် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်ပေါင်း တစ်ဘီလီယံကျော်တို့၏ ရှုပ်ထွေးသောလှုပ်ရှားမှုများကို မြေပုံရေးရန်အတွက် ကမ္ဘာ့အကောင်းဆုံး ကွန်ပျူတာစံပြပုံစံများ သုံးစွဲခဲ့လျှင်ပင် ခက်ခက်ခဲခဲရှိန်းကန်ရလေ့ရှိသည်။

သို့ရာတွင် ဂျပန်သိပ္ပံပညာရှင်များကမူ လူ့ဉာဏ်ရည်တုနည်းပညာ(AI)ကိုအသုံးပြု၍ ကြယ်ပေါင်း ဘီလီယံ ၁၀၀ ကျော်တို့၏ လှုပ်ရှားမှုကို အသေးစိတ်ပြသနိုင်သော နဂါးငွေ့တန်းကြယ်စုမြေပုံကို ရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်သိပ္ပံပညာရှင်များသည် AI နည်းပညာကိုအသုံးပြု၍ နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်ပေါင်း ဘီလီယံ ၁၀၀ ကျော်တို့၏ နှစ်တစ်သန်းအတွင်း လှုပ်ရှားမှုကို အချိန်ကာလအားဖြင့် နှစ်နာရီနှင့် ၄၇ မိနစ်အတွင်း မြေပုံရေးထုတ်နိုင်ခဲ့သည်။

သမားရိုးကျကွန်ပျူတာစနစ်များကို အသုံးပြုခဲ့ပါက နဂါးငွေ့တန်းကြယ်စုအတွင်းရှိကြယ်ပေါင်း ဘီလီယံ ၁၀၀ ကျော်တို့၏ နှစ်တစ်သန်းအတွင်းလှုပ်ရှားမှုကို မြေပုံထုတ်ရေးအတွက် ၃၁၅ နာရီထိ အချိန်ယူရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Enlicitide Decanoate ဆေးက သွေးအတွင်း ဆိုးကျိုးပြုကိုလက်စထရော ပါဝင်မှုနှုန်းကို ထိရောက်စွာလျှော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၂၅**

Enlicitide Decanoate ခေါ် ဆေးသစ်တစ်မျိုးသည် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသောရလဒ်များအရ သွေးအတွင်း ဆိုးကျိုးပြုကိုလက်စထရောပါဝင်မှုနှုန်းကို ထိရောက်စွာလျှော့ချနိုင်ကြောင်း နိုဝင်ဘာ ၂၄ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် Enlicitide Decanoate ဆေးကို HeFH ခေါ် မျိုးရိုးလိုက်ဖြစ်ပွားတတ်သည့် မျိုးဗီဇပြဿနာတစ်မျိုးရှိနေသည့် လူနာများဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

HeFH ပြဿနာရှိနေသူများ၌ သွေးအတွင်း ဆိုးကျိုးပြုကိုလက်စထရော(LDL-C)ပါဝင်မှုအဆင့်မှာ အန္တရာယ် ရှိလောက်သည်အထိ မြင့်တက်နေတတ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် Enlicitide Decanoate ဆေးကို HeFH လူနာ ၂၉၃ ဦးတို့ဖြင့် စမ်းသပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Enlicitide Decanoate ဆေးသည် HeFH လူနာများ၏ သွေးအတွင်း LDL-C ကိုလက်စထရောပါဝင်မှုအဆင့်ကို ၅၈ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

Enlicitide Decanoate ဆေးသည် အသည်း၏ LDL-C ကိုလက်စထရော ရှင်းထုတ်မှုလုပ်ငန်းစဉ်ကို အနှောင့်အယှက်ပေးတတ်သည့် PCSK 9 ခေါ် ပရိုတင်းတစ်မျိုးကို ပိတ်ပင်ခြင်းဖြင့် LDL-C ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း ၄၀ က ထုတ်လုပ်ခဲ့သည့် ဆေးတစ်မျိုးက ကင်ဆာဆဲလ်များကို ရှင်းလင်းနိုင်မည့်ဆေးအဖြစ် ဖန်တီးနိုင်ခဲ့

**နယူးယောက် နိုဝင်ဘာ ၂၅**

လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ထုတ်လုပ်ခဲ့သည့် ဆေးတစ်မျိုးက ကင်ဆာဆဲလ်များကို တိုက်ဖျက်ရှင်းလင်းနိုင်မည့် ဆေးအဖြစ် အမေရိကန် သုတေသနပညာရှင်များက ပြောင်းလဲဖန်တီးခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် Mebendazole ခေါ် သန်ချဆေးကို Polymorph C အမည်ရှိ ကင်ဆာဆဲလ်တိုက်ဖျက်ရေးဆေးအဖြစ် ပြောင်းလဲဖန်တီး နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Polymorph C ဆေးသည် Mebendazole ထက်ပို၍ ကင်ဆာဆဲလ်များအတွင်း ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Polymorph C ဆေးသည် အနည်းဆုံး ၉၀ ရာခိုင်နှုန်းထိ ကင်ဆာဆဲလ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း သိရသည်။

Polymorph C ဆေးများကို ဦးနှောက်ကင်ဆာမှသည် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာထိ ပါဝင်သော ကင်ဆာရောဂါအမျိုးမျိုးအတွက် အသုံးပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအိမ်ကွင်း၌ ကစားသမားတစ်ဦးလျော့ဖြင့် အနိုင်ရခဲ့သည့် ပထမဆုံးအသင်းအဖြစ် အဲဗာတန်အသင်းမှတ်တမ်းဝင်

**မန်ချက်စတာ နိုဝင်ဘာ ၂၅**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် အဲဗာတန်အသင်းက အဝေးကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအိမ်ကွင်း၌ ကစားသမားတစ်ဦးလျော့ဖြင့် အနိုင်ရသည့် ပထမဆုံးအသင်းအဖြစ် အဲဗာတန်အသင်း မှတ်တမ်းဝင်ခဲ့ကြောင်း Opta သတင်းဝက်ဘ်ဆိုက် ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်၏ ပွဲချိန် ၁၃ မိနစ်တွင် အဲဗာတန်အသင်းကစားသမားများဖြစ်သည့် ခံစစ်ကစားသမား မိုက်ကယ်ကိန်းနှင့် ကွင်းလယ်ကစားသမားဂူယီတို့ အချင်းများပြီး ဂူယီက မိုက်ကယ်ကိန်းကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက တိုက်ရိုက်အနီကတ် ပြသထုတ်ပယ်ခဲ့သောကြောင့် အဲဗာတန်အသင်း အနေဖြင့် လက်ကျန်ပွဲချိန်များတွင် ကစားသမား တစ်ဦးလျော့ဖြင့် ရင်ဆိုင်ခဲ့ရသည်။

အဲဗာတန်အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၂၉ မိနစ်တွင် ဟောလ်က သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် မန်ယူအသင်းက ပွဲချိန်တစ်လျှောက်လုံး ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေး ကစားခဲ့သော်လည်း အဲဗာတန်အသင်း ဂိုးသမားပစ်ဖို့ဒ်က အကောင်းဆုံး ကာကွယ်ခဲ့သောကြောင့် အဲဗာတန်အသင်းက အနိုင်ရခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်း အိမ်ကွင်း၌ ကစားသမား တစ်ဦးလျော့ဖြင့် အနိုင်ရသည့် ပထမဆုံးအသင်း ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဲဗာတန်အသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် နောက်ပိုင်း မန်ယူအသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် အနိုင်မရသည့် မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ချေဖျက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Opta
Trs : STA

# မန်ယူအသင်းက ဂျာအိုဂိုမက်ဇ်ကို ယူရိုသန်း ၅၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်း

**မန်ချက်စတာ နိုဝင်ဘာ ၂၅**

မန်ယူအသင်းသည် ဝုဗ်အသင်း ကွင်းလယ်ကစားသမား ဂျာအိုဂိုမက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရန် နီးစပ်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ကလပ်အသင်းနှစ်ခုကြား ကနဦးဆွေးနွေးမှု ပြုလုပ်ခဲ့ရာ ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို မန်ယူအသင်းက ယူရိုသန်း ၅၀ ထိ ကမ်းလှမ်းထားသဖြင့် အကြိုသဘောတူညီမှု ရခဲ့သောကြောင့် ၂၀၂၅ ခုနှစ်မကုန်မီ အပြီးသတ်သဘောတူညီမှု ရယူသွားမည်ဖြစ်သည်။

ထို့ပြင် ဂျာအိုဂိုမက်ဇ်ကလည်း တန်းဆင်းဇုန်တွင် ရောက်နေသည့်အသင်း၏ ရလဒ်ဆိုးများကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဝုဗ်အသင်းအနေဖြင့် တားဆီးရန် ခက်ခဲနေခြင်းဖြစ်သည်။

၎င်းသည် ယခုနှစ်ပြိုင်ပွဲစုံတွင် ပုံစံကောင်း ပြသနေသောကြောင့် နည်းပြ အန်ဆယ်လော့တီက အောက်တိုဘာလအတွင်း ကစားခဲ့သည့် နိုင်ငံတကာပွဲစဉ်များတွင် ဘရာဇီးအသင်းအတွက် ရွေးချယ်ခဲ့ပြီးနောက် ကစားသမားအနေဖြင့် လာမည့်နှစ်ကမ္ဘာ့ဖလားတွင် ပါဝင်ခွင့်ရရန် အသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသောကြောင့် မန်ယူအသင်းက ၎င်းကို ခေါ်ယူနိုင်ရန် သေချာနေကြောင်း သိရသည်။

Ref : Goal.com
Trs : ML



# Louis Vuitton ဖက်ရှင်ကုမ္ပဏီပိုင်ရှင် ဘီလျံနာအာနော့က ရီးရဲလ်မက်ဒရစ်အသင်းတွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးနေ

**မက်ဒရစ် နိုဝင်ဘာ ၂၅**

ကမ္ဘာ့ထိပ်တန်းဖက်ရှင်ကုမ္ပဏီဖြစ်သည့် Louis Vuitton ပိုင်ရှင် ဘီလျံနာအာနော့က ရီးရဲလ်မက်ဒရစ်အသင်းတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် အသင်းဥက္ကဋ္ဌ ပီရက်ဇ်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်က ပြီးခဲ့သည့် ရက်ပိုင်းက အသင်းတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် ပြင်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့ပြီးနောက် အာနော့က ရီးရဲလ်မက်ဒရစ်အသင်း၏ ဘဏ္ဍာရေးပိုင်းနှင့်ပတ်သက်၍ စုံစမ်းမှုများလုပ်ဆောင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးနေခြင်းဖြစ်သည်။

ပီရက်ဇ်က ရီးရဲလ်မက်ဒရစ်အသင်း၏ အနာဂတ်စီမံကိန်း ဘဏ္ဍာရေးအင်အား ပိုမိုတောင့်တင်းစေရန် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်လိုနေသောကြောင့် ရင်းနှီးမြှုပ်နှံသူများထံ ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပီရက်ဇ်က အသင်းမှရှယ်ယာအချို့ကို ရင်းနှီးမြှုပ်နှံသူများထံ ရောင်းချရန် ဖိတ်ခေါ်ထားသော်လည်း အသင်းဘုတ်အဖွဲ့ဝင်များကို အပြောင်းအလဲလုပ်ဆောင်မည် မဟုတ်ဘဲ လက်ရှိ ဘုတ်အဖွဲ့ဝင်များကသာ အသင်းကိစ္စရပ်များကို ဆုံးဖြတ်သွားမည်ဖြစ်သည်။

အာနော့သည် လက်ရှိတွင် စတာလင်ပေါင် ၁၄၅ ဘီလီယံထိ ပိုင်ဆိုင်ထားသူဖြစ်ပြီး ဥရောပတွင် အချမ်းသာဆုံး ပုဂ္ဂိုလ်အဖြစ် ရပ်တည်နေကာ လက်ရှိ ရီးရဲလ်မက်ဒရစ်အသင်း၏ အစုရှယ်ယာများကို ဝယ်ယူရန်ဆွေးနွေးနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : STA

## အားကစားသတင်းအတိုအထွာများ

- ပီအက်စ်ဂျီအသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ဒိုအီကို မန်စီးတီးအသင်းက စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၈၀ ဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- လီဗာပူးအသင်းက အိုလီဆီကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀၀ ထိ အသုံးပြုသွားမည်ဖြစ်ကြောင်း ကလပ်အသင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းကို စပါးအသင်းက ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပရိသတ်များက နည်းပြသောမတ်ဖရန့်ကို ထုတ်ပယ်ရန် ဆန္ဒပြခဲ့သော်လည်း အသင်းအနေဖြင့် ထုတ်ပယ်ရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းတိုက်စစ်မှူး ဂိုကာရက်ဇ် ဒဏ်ရာမသက်သာသေးသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ML

# WBO Inter-Continental နှင့် WBC Silver လိုက်မစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်း မာတီရို့စ်ယန် ကွယ်လွန်

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၂၅**

WBO Inter–Continental နှင့် WBC Silver လိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ အမေရိကန် လက်ဝှေ့သမား မာတီရို့စ်ယန်သည် အသက် ၃၉ နှစ်အရွယ်တွင် အရေပြားကင်ဆာရောဂါဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း မိသားစုဝင်များက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မာတီရို့စ်ယန်သည် အသက် ခုနစ်နှစ်အရွယ်ကတည်းက ဖခင်ဖြစ်သူ၏ မိတ်ဆက်ပေးမှုကြောင့် လက်ဝှေ့ အားကစားနည်းကို စတင် စိတ်ဝင်စားလာခဲ့သူဖြစ်ပြီး အသက် ခုနစ်နှစ်အရွယ်မှ စတင်၍ လက်ဝှေ့အားကစားကို စတင် လေ့ကျင့်ခဲ့သူဖြစ်သည်။

မာတီရို့စ်ယန်အနေဖြင့် ၂၀၁၈ ခုနှစ်တွင် မစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဆုအတွက် ဂိုလို့ဗ်ကင်နှင့် ထိုးသတ်ခွင့်ရပြီး ယင်းပွဲစဉ်တွင် အလဲထိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယင်းပွဲစဉ်အပြီးတွင် လက်ဝှေ့လောကမှ အနားယူခဲ့ကာ ၂၀၂၃ ခုနှစ်မှစတင်၍ အရေပြားကင်ဆာရောဂါဖြင့် စတင်ရင်ဆိုင်ခဲ့ရသည်။ နှစ်နှစ်အကြာ အရေပြားကင်ဆာရောဂါကို ကြိုးစားကုသခဲ့သော်လည်း ကျော်လွှားနိုင်ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ကြောင်း ဇနီးဖြစ်သူ ဂါဘီက ထုတ်ပြန်ခဲ့သည်။

ဂါဘီက “ကျွန်မအမျိုးသားဟာ ခင်ပွန်းကောင်း တစ်ယောက်ဖြစ်သလို ဖခင်ကောင်းတစ်ယောက် ဖြစ်ပါတယ်။ သူနဲ့တွေ့ဆုံဖူးသူတိုင်း ရင်းနှီးဖူးသူတိုင်းဟာ ကျွန်မခင်ပွန်းရဲ့ စိတ်နေစိတ်ထား၊ အမူအကျင့်တွေ ဘယ်လောက်ကောင်းတယ်၊ ကြင်နာစိတ်အပြည့်ရှိတယ်ဆိုတာသိကြပါတယ်။ သူကွယ်လွန်သွားပြီဖြစ်ပေမဲ့ ကျွန်မတို့မိသားစုရဲ့ နှလုံးသားထဲမှာတော့ သူက တစ်သက်လုံး ရှင်သန်နေအုံးမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag
Trs : AZL

# Kooyong Classic တင်းနစ်ပြိုင်ပွဲတွင် ကာလရှည်အနားယူနေရသည့် နစ်ခ်ကိုင်ဂျီအိုစ် ပါဝင်ယှဉ်ပြိုင်မည်



**ကင်ဘာရာ နိုဝင်ဘာ ၂၅**

သြစတြေးလျ နံပါတ်(၁) တင်းနစ် ကစားသမားအဖြစ် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် နစ်ခ်ကိုင်ဂျီအိုစ်သည် ၂၀၂၆ ခုနှစ်၏ ပထမဆုံးသော ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲဖြစ်သည့် Austra-lian Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး Austra-lian Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ပွဲကြိုပြင်ဆင်မှုအနေဖြင့် Kooyong Classic တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Australian Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ပြိုင်ပွဲဝင်အားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲကြိုပြင်ဆင်မှုအနေဖြင့် ကစားသမားအများစုမှာ Kooy-ong Classic တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

နစ်ခ်ကိုင်ဂျီအိုစ်သည် ဒူးဒဏ်ရာပြဿနာကြောင့် ပြီးခဲ့သည့်မတ်လကတည်းက ATP တင်းနစ်ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် တင်းနစ်ရာသီတွင် တင်းနစ်လောကသို့ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအိုစ်က "ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရပြီးနောက်ပိုင်း လေ့ကျင့်ရေးအစီအစဉ်တွေ ပြန်လည်စတင်ပါတယ်။ ပထမဆုံး လေ့ကျင့်ခန်းအစီအစဉ်အပြီးမှာ ပင်ပန်းနွမ်းနယ်ခြင်းမရှိသလို သက်သောင့်သက်သာလဲ ရှိတဲ့အတွက်ကြောင့် အဆင်ပြေလာတယ်ပြောရမယ်။ နောက်ပြီးတော့ ဒူးဒဏ်ရာကလဲ ပြန်လည်နာကျင်တာမျိုးမရှိသလို လက်ရှိဒူးအခြေအနေက ကြံ့ခိုင်မှုပြည့်ဝတဲ့ ကာလတုန်းက အနေအထားမျိုးအတိုင်းပဲ ခံစားမိပါတယ်"ဟု ပြောကြားခဲ့သည်။

Kooyong Classic တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၈)အီတလီ တင်းနစ်ကစားသမား မူဆက်တီ၊ ကမ္ဘာ့အဆင့်(၁၁) ကာဇက်စတန် တင်းနစ်ကစားသမား ဘူဘလစ်၊ အီတလီအသင်းနှင့်အတူ Davis Cup ချန်ပီယံဆုကို ဆွတ်ခူးထားသည့် ကိုဘိုလီနှင့် ဘာရက်တီနီတို့လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Tennis World**

**Trs : AZL**

# ပီအက်စ်ဂျီကွင်းလယ်ကစားသမား ဂျာအိုနီဗက်ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် လီဗာပူးအသင်း ကြိုးပမ်းနေ

**လန်ဒန် နိုဝင်ဘာ ၂၅**

လီဗာပူးအသင်းက လိုအပ်ချက်များရှိနေသည့် အသင်းကွင်းလယ်ပိုင်းအတွက် ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား ဂျာအိုနီဗက်ကို စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို ၁၅၉ သန်းထိ ပေးချေပြီး ခေါ်ယူရန်ကြိုးပမ်းနေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းကွင်းလယ်ပိုင်းအတွက် လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝက်ဇ်ကို ပြောင်းရွှေ့ကြေးယူရို သန်း ၁၃၀ ထိ ပေးချေကာ ခေါ်ယူခဲ့သော်လည်း ဖလိုရီယန်ဝက်ဇ်အနေဖြင့် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ရုန်းကန်နေရသောကြောင့် ဂျာအိုနီဗက်ကို ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ဂျာအိုနီဗက်သည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း ခံစစ်ပိုင်းတွင် ကစားနိုင်သည့်အပြင် တောင်ပံတိုက်စစ်ပိုင်းတွင်လည်း ကစားနိုင်သူဖြစ်သောကြောင့် လီဗာပူးအသင်းက အသင်းကွင်းလယ်ပိုင်းအတွက် ဂျာအိုနီဗက်ကို စံချိန်တင်ပြောင်းရွှေ့ကြေး ယူရို ၁၅၉ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဂျာအိုနီဗက်သည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲတွင် ရှစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**




# အာရှယူ-၁၇ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(G)တွင် နှစ်ပွဲကစားအပြီး မြန်မာယူ-၁၇ အသင်း အုပ်စုပထမနေရာမှ ဦးဆောင်နေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G) တွင် မြန်မာယူ-၁၇ အသင်းသည် နှစ်ပွဲ ကစားပြီးချိန်၌ အုပ်စုပထမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

မြန်မာယူ-၁၇ အသင်းသည် အာရှယူ-၁၇ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု (G)တွင် အကောင်းဆုံး ခြေစွမ်းပြသကာ အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲလုံး အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G)တွင် မြန်မာယူ- ၁၇ အသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ နေရာတွင်လည်းကောင်း၊ အိုမန်ယူ-၁၇ အသင်းက တစ်ပွဲကစားပြီး တစ်ပွဲနိုင် ရမှတ် သုံးမှတ်ဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ ဆီးရီးယားယူ-၁၇အသင်းက နှစ်ပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်ဖြင့် တတိယနေရာတွင် လည်းကောင်း၊ အာဖဂန်နစ္စတန် ယူ-၁၇ အသင်းက တစ်ပွဲကစားပြီး တစ်ပွဲရှုံးဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ နီပေါအသင်းက နှစ်ပွဲကစားပြီး နှစ်ပွဲရှုံးဖြင့် ပဉ္စမ နေရာတွင်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိသည်။

အာရှယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(G) အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနေရာဖြင့် ရပ်တည်နိုင်မည့် အသင်းတစ်သင်းသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည့်အတွက် မြန်မာယူ-၁၇ အသင်းအနေဖြင့် အုပ်စုလက်ကျန်ပွဲစဉ်များဖြစ်သည့် ဆီးရီးယားယူ-၁၇ အသင်း၊ အိုမန်ယူ-၁၇ အသင်းတို့နှင့် ပွဲစဉ်များတွင်လည်း ရလဒ်ကောင်းများရရန် လိုအပ်နေကြောင်း သိရသည်။

**STA**

# ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုကိုပယ်ချပြီး ဘာစီလိုနာအသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်သာ ဂါဗီယာဆုံးဖြတ်

**ဘာစီလိုနာ နိုဝင်ဘာ ၂၅**

ဘာစီလိုနာအသင်း ခံစစ်ကစားသမား ဂါဗီယာသည် ပီအက်စ်ဂျီအသင်း၏ကမ်းလှမ်းမှုကို ပယ်ချပြီး ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုပြီး ဆက်လက်လက်တွဲရန်သာ ဆုံးဖြတ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဂါဗီယာသည် မန်စီးတီးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း မန်စီးတီးအသင်းတွင် ကစားခွင့်မရခဲ့သောကြောင့် ၂၀၂၂ ခုနှစ်က ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။



ဂါဗီယာသည်ဘာစီလိုနာအသင်းတွင် ကစားသမားဘဝအစပိုင်းက ကစားခွင့်မရခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဂျီရိုနာအသင်းတွင် တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ ခြေစွမ်းပြသခဲ့သောကြောင့် ဘာစီလိုနာအသင်းက အငှားစာချုပ် သက်တမ်းကုန်ဆုံးချိန်တွင် အသင်းထံ ပြန်လည်ခေါ်ယူခဲ့သည်။

ဂါဗီယာသည် အသင်းနှင့် ပြန်လည် ပူးပေါင်းပြီးနောက် အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ လက်ရှိ နည်းပြဟန်ဆီဖလစ် လက်အောက်တွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခွင့် ရနေသူဖြစ်သည်။

ဂါဗီယာကို ပီအက်စ်ဂျီအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း ၎င်းကိုယ်တိုင်က ကမ်းလှမ်းမှုကို ပယ်ချပြီး ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်သာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# အမေရိကန်နေရှင်နယ်တာဝေးပြေးချန်ပီယံ အီဗန်ဂျက်ဂါ ကစားသမားဘဝမှ အနားယူမည်

**စတော့ဟုမ်း နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ၏ နေရှင်နယ်တာဝေးပြေးချန်ပီယံဆုကို ခုနစ်ကြိမ်နှင့် ၂၀၁၆ ရီယိုအိုလံပစ်အားကစားပွဲတော်၏ မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုဆွတ်ခူးခဲ့သည့် အီဗန်ဂျက်ဂါသည် အသက်အရွယ်ကြောင့် စွမ်းဆောင်ရည်ကျဆင်းလာပြီး ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း Citius သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီဗန်ဂျက်ဂါသည် အသက်အရွယ်အရ စွမ်းဆောင်ရည်ကျဆင်းလာပြီဖြစ်သကဲ့သို့ ဘဝရှေ့ရေးအတွက် စာမျက်နှာသစ်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အီဗန်ဂျက်ကာသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဆွီဒင်နိုင်ငံသို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး တစ်နှစ်တာကာလအတွင်း ဘဝရှေ့ရေးအတွက်သာ အာရုံစိုက်နေရသောကြောင့် အားကစားလောကဖြင့် ကင်းကွာနေခဲ့ရသူဖြစ်သည်။

အီဗန်ဂျက်ဂါက "မနှစ်ကစပြီးတော့ ကျွန်တော့်အနေနဲ့ ဆွီဒင်နိုင်ငံကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ ဆွီဒင်နိုင်ငံမှာ ဘဝရှေ့ရေးအတွက် လုပ်သင့် လုပ်ထိုက်တာတွေကို လုပ်ဆောင်နေပါတယ်။ ဒါကြောင့် အားကစားလောကနဲ့ ကင်းကွာခဲ့ရတယ်။ အားကစားလောကနဲ့ ကင်းကွာနေခဲ့ရပေမဲ့လဲ ကျွန်တော့်အနေနဲ့ လက်ရှိဘဝမှာ ကျင်လည်နေရတာ အစစအရာရာ အဆင်ပြေနေပါတယ်။ ဘဝရှေ့ရေးအတွက် ဘဝစာမျက်နှာသစ် ဖွင့်လှစ်ဖို့ရယ်၊ အသက်အရွယ်ကြောင့် ရာနှုန်းပြည့် မစွမ်းဆောင်နိုင်တော့တဲ့အတွက် ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Citius**

**Trs : AZL**

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စက်မှုလုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာလျက်ရှိသည်။ ထိုပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် လူသားများအပေါ် အကျိုးဖြစ်ထွန်းမှု များစွာရှိစေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဆုတ်ယုတ်မှုများရှိလာစေသည်။ ထိုဆုတ်ယုတ်မှုများတွင် သစ်တောသယံဇာတများပြုန်းတီးလာခြင်း၊ စားကျက်မြေများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ တိမ်ကောပျက်စီးလာမှုတို့အပါအဝင် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှုများဖြစ်ပွားလာခြင်းနှင့် ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လာခြင်းတို့ပင်ဖြစ်သည်။ ထိုသို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ၏ ဆင့်ကဲအကျိုးဆက်များကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်လာမှု သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာရသည်။ လူသားတို့၏ လောဘကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းချို့ယွင်းလာနေပြီဖြစ်သည်။

**ခါးစည်းခံစားနေရ**

ကမ္ဘာတစ်ဝန်းတွင် သစ်ပင်၊ သစ်တောများကို အလွန်အမင်း ခုတ်လှဲရောင်းချလျက်ရှိကြသဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမြင့်တက်လာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အပူပြင်းထန်ခြင်း၊ မိုးကြီးခြင်း၊ရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ မြေလျှောင်လှုပ်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ ရိုက်ခတ်ခြင်း စသည့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ ထို့ကြောင့် အစားထိုး သစ်ပင်များကို အချိန်မီထိထိရောက်ရောက် စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်လာနိုင်မည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်မျိုးစုံ ကျရောက်လျက်ရှိသည်။ မိုးခေါင်ရေရှားမှုကြောင့် လူသားတို့သည်သန့်ရှင်းသော သောက်သုံးရေကိုပင် လုံလောက်စွာမရရှိနိုင်တော့ချေ။ ထို့ပြင် စိုက်ပျိုးရေ ဖူလုံစွာမရရှိသည့် ဒေသများတွင်လည်း စားနပ်ရိက္ခာရှားပါးပြတ်လပ်လာလျက်ရှိသည်။ ထိုဆိုးကျိုးများသည် အသိဉာဏ်ရှိသော လူသားများ၏ လုပ်ရပ်ကြောင့်ပင်ဖြစ်သည်။

**တဖြည်းဖြည်းလျော့နည်းလာ**

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို နှစ်စဉ်ခါးစည်းခံစားရလျက်ရှိသည်။ လက်ရှိအချိန်၌ ကျေးလက်ဒေသများတွင် ထင်း၊ မီးသွေးအဖြစ် အသုံးပြုရန်နှင့် လတ်တလောစီးပွားရေးလိုအပ်ချက်တို့အရ သစ်ပင်များကို အလွန်အမင်းခုတ်လှဲရောင်းချနေကြသည်။ သစ်တောများပြုန်းတီး၍ တောင်ကတုံးများနှင့်လွင်တီးခေါင်များ ဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများလည်း ရှားပါးလာသည်။ ထို့အတူ ဒီရေရောက်တောများကိုလည်း ခုတ်လှဲရောင်းချလျက်ရှိကြသည်။

ရှေးယခင်က မြန်မာနိုင်ငံတွင်သစ်တောသစ်ပင်ဖုံးလွှမ်းမှုဧရိယာ များပြားခဲ့သည်။ ထို့ကြောင့် နှစ်စဉ် မိုးလေဝသမှန်ကန်ပြီး မိုးရေချိန်ပြည့်မီသောကြောင့် ကောက်ပဲသီးနှံအထွက်နှုန်းများ ကောင်းမွန်ခဲ့သည်။ ထိုသို့ ရာသီဥတုကောင်းမွန်သောကြောင့် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသရှိပြည်သူများ၏ စား၊ ဝတ်၊ နေရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ကြသည်။ သို့သော် မျက်မှောက်ကာလတွင်မူ သစ်ထုတ်လုပ်ရောင်းချမှု၊ ထင်းလောင်စာတောင့် ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းတောင်ယာစနစ်တို့ကြောင့် သစ်တောဖုံးလွှမ်းမှုဧရိယာများ တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ အထူးသဖြင့် မိုးခေါင်ခြင်း၊ ရေကြီးရေလျှံခြင်း စသည့် အစွန်းရောက်ရာသီဥတုများကို ခပ်စိပ်စိပ်ကြုံတွေ့လာရသည်။

**❖ သစ်ပင်၊ သစ်တောများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သက်ရှိလောကတည်မြဲရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ သစ်ပင်၊ သစ်တောများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးလျက်ရှိသည်။❖**

**အလေးထားလုပ်ဆောင်**

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုဖောက်ပြန်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုလုပ်ငန်းများအနက် နှစ်စဉ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးသည့် လုပ်ငန်းလည်းပါဝင်ပေသည်။ ပြည်သူတစ်ဦး၊ တစ်ယောက်ချင်းစီသည် သစ်တော သစ်ပင်ကိုချစ်တတ်ဖို့ လိုနေပြီဖြစ်သည်။ အထူးသဖြင့် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးမှုကို နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်အဖြစ် သဘောထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားသင့်ပေသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ထင်းအစား အခြားလောင်စာအသုံးပြုရေးလုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည်။ စိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန်အတွက် နေရာဒေသနှင့်ကိုက်ညီမည့် သစ်မျိုးမှန်ကန်စွာရွေးချယ်မှု၊ စနစ်တကျ မြေပြုပြင်မှု၊ ရေနှင့်မြေ အစိုဓာတ်ရရှိမှု၊ စိုက်မည့်ကျင်းအရွယ်အစားမှန်ကန်မှု၊ ကျင်းအကွာအဝေးနှင့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားသင့်ပေသည်။ စိုက်ပျိုးထားသောသစ်ပင်များ ဖြစ်ထွန်းရေးအတွက် သစ်ပင်စိုက်ပျိုးသူများကို ရေလောင်း၊ ပေါင်းသင်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊ မြေသြဇာနှင့် ပေါင်းသတ်ဆေးများကဲ့သို့သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။

ထို့ပြင် ပြည်သူများအနေဖြင့်လည်း သစ်ပစ်စိုက်ပျိုးမှုကို လှုပ်ရှားမှုပေါင်းစုံဖြင့် ဆောင်ရွက်သွားသင့်သည်။ ဆိုလိုသည်မှာ အပန်းဖြေခရီး သို့မဟုတ် တစ်နေရာရာသို့ရောက်ရှိချိန်တွင် အမှတ်တရ သစ်ပင် အနည်းဆုံးတစ်ပင် စိုက်ပျိုးခြင်း၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ချစ်သူများကို မေတ္တာလက်ဆောင်အဖြစ် သစ်ပင်များကိုပေးအပ်ခြင်း၊ နှစ်ပတ်လည်အခမ်းအနားများ၊ နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပြည်သူအားလုံး ပါဝင်စိုက်ပျိုးခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားသင့်သည်။

**အကျိုးကျေးဇူးများပြား**

အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် သစ်ပင်များစိုက်ပျိုးသွားရန်လိုအပ်သည်။ လူသားတိုင်းသည် အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့် သဘာဝပတ်ဝန်းကျင်ကို ကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့် လူများကြောင့် ထိခိုက်လျော့နည်းလာသည့် သဘာဝကပေးထားသော စိမ်းလန်းစိုပြည်မှုများကို ပြန်လည်ထိန်းသိမ်းဖန်တီးသွားရန် လိုအပ်မည်ဖြစ်သည်။

သစ်ပင်၊ သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် လွန်စွာအရေးပါလျက်ရှိသည်။ သစ်ပင်၊ သစ်တောများသည် လူသားများအပါအဝင် သက်ရှိများ အသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးလျက်ရှိသည်။ သစ်ပင်၊ သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသည်။

သစ်ပင်၊သစ်တောများသည် သဘာဝပတ်ဝန်းကျင်သာယာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရာတွင် အခြေခံအကျဆုံးသော အရင်းအမြစ်များဖြစ်သည်။ သစ်တောများဖြင့် လွှမ်းခြုံထားသော ဒေသများတွင် ရေအရင်းအမြစ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့နောက် ရာသီဥတုမှန်ကန်လာခြင်း၊ မိုးရေချိန်ပြည့်မီစွာရရှိသဖြင့် သောက်သုံးရေအပြင် စိုက်ပျိုးရေကိုပါဖူလုံစွာရရှိလာမည်ဖြစ်သည်။ ထိုသို့ မိုးလေဝသ မှန်ကန်မှုကြောင့် မြန်မာနိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

သစ်တော၊ သစ်ပင်များသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်တို့ကိုထိန်းသိမ်းရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတု ပြန်လည်မျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

ဆိုရလျှင် သစ်ပင်၊ သစ်တောများသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သက်ရှိလောကတည်မြဲရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ သစ်ပင်၊ သစ်တောများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်သူအားလုံးအနေဖြင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို အလုံမြို့နယ်ရှိ Zealax Hotel တွင် ပြုလုပ်




ရန်ကုန် နိုဝင်ဘာ ၂၅

MRTV-4 ရုပ်သံလိုင်းက နိုဝင်ဘာ၂၅ ရက်မှ စတင်ကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်သွားမည့် မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခန့်စည်သူထံမှ သိရသည်။

အဆိုပါ မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာကြီး မောင်သိန်းဆိုင်၏ ထင်ရှားသည့်လုံးချင်းဝတ္ထုကို ထက်မြတ်နိုင်ဇင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ခန့်စည်သူက တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဆရာမောင်သိန်းဆိုင်ဝတ္ထုကို ရိုက်ကူးခွင့်ပေးလို့လဲ ကျေးဇူးတင်ပါတယ်။ ဇာတ်ကလဲ တစ်ယောက်နဲ့တစ်ယောက် ဇာတ်ပို့နေရတာမဟုတ်ဘဲ အဓိကနေရာ အခန်းကဏ္ဍတွေ ပါဝင်ခဲ့ရတဲ့ ဇာတ်ပုံစံလေးပါ။ ကျွန်တော့်အတွက် အမှတ်တရအနေနဲ့ ကိုယ်တိုင်ပုံဖော်ခွင့်ရလို့လဲ ကျေနပ်မိပါတယ်"ဟု ဒါရိုက်တာ ခန့်စည်သူက ပြောပြသည်။

မောင့်မြဒါလီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ သုတအောင်၊ ကောင်းစစ်သွေး၊ ဟိန်းထက်ဇော်၊ စိုးမြတ်သူဇာ၊ နေရည်ဝင်းလှဲ့၊ မေသက်ကျော်၊ သျှား၊ မေမြတ်နိုးသွယ်၊ ဝါဝါအောင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း ဒါရိုက်တာ ခန့်စည်သူက ပြောပြ၍ သိရသည်။

ASH

# Strawberry Roan ဇာတ်ကား၌ ဂျရမီဆမ်ပတာနှင့်ရာချယ်ဟာ့ဝုဒ်တို့ ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၂၅

Strawberry Roan အမည်ရှိ အချစ်ဟာသရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျရမီဆမ်ပတာနှင့် မင်းသမီး ရာချယ်ဟာ့ဝုဒ်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Strawberry Roan ရုပ်ရှင်ဇာတ်ကားသည် မြင်းသတ္တဝါများကို အလွန်သဘောကျချစ်ခင်သူ အမျိုးသမီးတစ်ဦးနှင့် မအောင်မြင်သည့် စတော့ဈေးကွက်ပွဲစားအမျိုးသားတစ်ဦးတို့၏ ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Strawberry Roan ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ကတ္တနေးပိတ်နှင့် ဂျူလီယာမာလီဘယ်ရီတို့က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားကို မင်းသား ဂျရမီဆမ်ပတာက ၎င်း၏ ပထမဆုံး ဒါရိုက်တာ လက်ရာအတွက် ကိုယ်တိုင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

Strawberry Roan ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ၂၀၂၆ ခုနှစ် နွေရာသီအတွင်း နယူးမက္ကဆီကိုပြည်နယ်၌ စတင်ရန်ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# Mahar Application နှင့် ရွှေစည်တော်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် မုန်းမာန်ငြိုး ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၅

Mahar Application နှင့် ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်မည့် မုန်းမာန်ငြိုး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော် အောင်မြေတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ မုန်းမာန်ငြိုး ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ဝင့်ယမုံနိုင်ထံမှ သိရသည်။

အဆိုပါ မုန်းမာန်ငြိုး ဇာတ်လမ်းတွဲသည် စာရေးဆရာမ လွှန်းထားထား၏ ဝတ္ထုဇာတ်လမ်းကို မယ်ခိုင်က ဇာတ်ညွှန်းရေးသားထားကာ Mahar Application နှင့် ရွှေစည်တော်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရှဏ်ဦး) က တာဝန်ယူပုံဖော် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။



"အချစ်ကြီးတာကနေစပြီး လောင်မြိုက်ကြတဲ့ ဇာတ်ပုံစံလေးပါ။ အချစ်တွေကြီးပြီးတော့ အမုန်းအငြိုးတွေ၊ အာဃာတတွေ ဖြစ်လာတာပေါ့။ ဒီဇာတ်လမ်းတွဲက ဒရာမာဇာတ်လို့ ပြောရမှာပါ။ ဇာတ်လေးက တော်တော်လေးလဲ ကောင်းပါတယ်"ဟု သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

မုန်းမာန်ငြိုး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရန်အောင်၊ အောင်ရေချမ်း၊ ညီထွဋ်ခေါင်၊ မင်းတော်ဝင်၊ ဝင်းခန့်မိုး၊ ဝင့်ယမုံနိုင်၊ သံသာညီ၊ ထူးနိုင်လင်း၊ တာတာ၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဝါနာဘရားသား၏ Cut Off ဇာတ်ကား၌ မင်းသမီး ချယ်ဆီးပီရက်တီ ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၂၅

ဝါနာဘရားသားကုမ္ပဏီ၏ Cut Off ဟာသဇာတ်ကား၌ မင်းသမီး ချယ်ဆီးပီရက်တီလည်း ပါဝင်လာကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

Cut Off ဇာတ်ကားတွင် ချယ်ဆီးပီရက်တီသည် မင်းသား ဂျိုနာဟေး၊ မင်းသမီး ခရစ္စတာနက်စ်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Cut Off ဇာတ်ကား၌ မင်းသမီး ချယ်ဆီးပီရက်တီ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင် နေရာကို မသိရသေးကြောင်း သိရသည်။

Cut Off ဇာတ်ကားကို မင်းသား ဂျိုနာဟေးကိုယ်တိုင် တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဇရာဝုဒ်နှင့် ပူးတွဲရေးသားထားသည်။

လက်ရှိတွင် Cut Off ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Cut Off ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# The Bodyguard ဟာသဒရာမာဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Netflix ကုမ္ပဏီစီစဉ်ထား

နယူးယောက် နိုဝင်ဘာ ၂၅

အမေရိကန် စာရေးဆရာမ ကတ်သရင်းစင်တာ၏ The Bodyguard ဟာသဒရာမာဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိက ဇာတ်ကောင်များအဖြစ် မင်းသမီး လစ်တန်မီစတားနှင့် မင်းသား ဂျရက်ပါဒယ်လက်စကီးတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

The Bodyguard ဇာတ်ကားသည် ချောမောလှပသည့် မင်းသမီးတစ်ဦးအတွက် အားလပ်ရက်ရာသီအတွင်း ကိုယ်ရံတော်အဖြစ် တာဝန်ယူ ပေးခဲ့ရသူတစ်ဦး၏ အချစ်ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Bodyguard ဇာတ်ကားကို အမေရိကန်အမျိုးသမီး ဒါရိုက်တာ အဲလစ်ဇဘက်အယ်လင်ရှိဆင်ဘောင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Bodyguard ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အာရင်ကာဒီလိုနှင့် ရစ်ချက်ကိတ်တို့က ရေးသားပေးထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါရုပ်ရှင်ဇာတ်ကား၏ ဇာတ်ကားနာမည်ကို Netflix ကုမ္ပဏီအနေဖြင့် ပြောင်းလဲဖွယ် ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# 237 buildings used in online scams and gambling demolished in KK Park, 51 illegal foreigners in Shwe Kokko handed over to relevant countries

**Nay Pyi Taw November 25**

The Government of Myanmar has raided and systematically demolishing buildings used in online scamming and gambling and exposing and taking action against illegal foreigners and expelling and handing over them to relevant countries.

In the crackdown on online scams and gambling,

buildings used by the criminals have been systematically demolished in three phases every day. In doing so, nine illegal buildings, which were used in committing online scams and gambling were demolished, 100 computer sets were seized today. Furthermore, demolishing 237 buildings used in online scams and gambling out of 635 such buildings in three phases in KK Park.

Similarly, clearance operations in Shwe Kokko were carried out and a 12- storey building, 16 three-storey buildings, 12 two-storey buildings and two one-sorey buildings were raided and no one who was operating online scams and gambling was found and no computers, mobile phones and accessories used in online gambling were discovered.

Therefore, clearance operations in Shwe Kokko have so far detained 1847 foreigners who illegally entered Myanmar and seized 3,098 sets of computers, 21750 mobile phones, 102 Starlink discs, 22 routers and accessories, which were destroyed systematically and plans are underway to crack down such criminal acts.

The detained foreigners were detained in a building in the Lon Htin compound in Shwe Kokko Myaing Village in Puhlwepu Village Tract in Myawady Township and investigation teams were able of identify 200 foreigners. Today, the teams were able to hand over 51 foreigners to relevant countries and collecting biographical information and documents to hand over them to relevant countries as soon as possible.



Image of authorities clearing out three-story residential buildings that could potentially house illegal immigrants.



View of a five-story residential building.



Preparations being made to demolish the five-story residential building.



View of the five-story residential building after it was demolished.



View of the two-story residential buildings in KK Park slated for demolition by machinery.




The demolition in progress of the two-story residential buildings in K K Park using machinery.



Bedding and other items from the two-story residential buildings in K K Park being piled up and burned for destruction.

From 30 January to 25 November, 2025, a total of 12,678 foreigners who entered Myanmar illegally were detained and invesigated 12,343 of them for repatriation and 10,029 were handed over to relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,650 foreigners are underway to hand over to relevant countries and are detained properly.

The Government is committed to continue to eliminate online scams and gambling in Myanmar as a national responsibility by cooperating with domestic forces and neighbouring governments. 100

# World Bank calls for efforts to improve teaching quality in Cambodia

**Phnom Penh November 25**

Cambodia needs to step up efforts in improving teaching quality despite notable progress in getting children into school, according to two World Bank reports released on Tuesday.

The World Bank reports examined both the quality and quantity of teaching in primary schools, and identified steps to strengthen basic literacy and numeracy.

"By investing in teachers and improving learning time, Cambodia can offer children a better education and build a more competitive workforce," said Tania Meyer, World Bank country manager for Cambodia.

The reports showed that while higher teacher salaries have encouraged more top-performing high school graduates to join the profession, there has not yet been an improvement in teaching practices or subject knowledge in classrooms.

To improve learning outcomes, the World Bank called for increased investment in both pre-service and in-service teacher training, and recommended cost-effective measures such as reducing teacher absenteeism, minimizing unofficial school closures, and increasing the number of teaching weeks in the school year.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 55,000 baskets of glutinous rice sent by Danubyu Township to Yangon market last month


Bags of rice being unloaded from trucks.

**Danubyu November 25**

Local merchants from Danubyu Township of Ayeyawady Region sent 55,000 bags of glutinous rice to Yangon market within a month, said Daw Khin Mar Lwin, the owner of rice and paddy trading commodity in Danubyu Township.

During September this year, only 40,000 baskets of glutinous rice from Danubyu Township were exported and sold to the Yangon market. In October, the export volume increased to 55,000 baskets.

"Over the past month, we exported and sold up to 55,000 baskets of glutinous rice to the Yangon market. From Danubyu Township, we mainly export and sell paddy and other agricultural products to Yangon. The variety known as Theehtetyin is one of the hard-grain types of rice, and since Yangon buyers have been purchasing large quantities of it, the export volume has increased. In the local rice market, demand for paddy has been strong," said Daw Khin Mar Lwin.

The glutinous rice exported from Danubyu Township to the Yangon market was sold at around K15,450,000 per 100 baskets. With the good trade in this paddy variety, farmers, traders, cargo handlers, and truck rental operators are all enjoying better job opportunities.

Kyaw Kyaw Lin

# Trump ready to talk with Maduro – Axios

**Washington November 25**

US President Donald Trump plans to speak directly with Venezuelan President Nicolas Maduro despite Washington's move to designate him as the head of a terrorist organization, Axios reported on Tuesday, citing administration officials.

The US has formally designated the 'Cartel of the Suns' – a purported criminal network alleged to operate within Venezuela's security services – as a foreign terrorist organization, putting it in the same category as Al-Qaeda and Islamic State. Announcing the step on Monday, the US Treasury reiterated long-standing allegations that Maduro, whose legitimacy Washington disputes, heads the group.

According to Axios, Trump's move marks a notable turn in his "gunboat diplomacy" toward Venezuela – and could indicate that US missile strikes or ground operations are unlikely in the near term.

"Nobody is planning to go in and shoot him or snatch him – at this point. I wouldn't say never, but that's not the plan right now," an anonymous official familiar with the matter told Axios.

"In the meantime, we're going to blow up boats shipping drugs. We're going to stop the drug trafficking," the official reportedly added. RT

# Maize and sweet corn plantations harvested in Kalay Township

**Kalay November 25**

According to the township Agriculture Department, local farmers have harvested all sown acreage of maize and sweet corns in Kalay Township of Sagaing Region.

They planted 16,672 acres of maize and 6,307 acres of sweet corns, totalling 22,879 acres. Starting from August this year, they harvested the plantations. So far, they have reaped 16,572 acres of maize, yielding 67.02 baskets per acre and 6,307 acres of sweet corns, producing more than 16,000 cobs per acre.

This year's monsoon crop season in Kalay Township saw a total of 22,537 acres of maize (seed maize) and sweet corn under cultivation. The cultivated fields are now almost fully harvested, with nearly 100 per cent of the acreage completed.

"To ensure healthy and successful maize production, we provided awareness training and guidance, including measures to prevent pest and disease infestation," said Daw Marn Ewh, head of the Kalay Township Department of Agriculture.

This year, the township's Agriculture Department conducted training courses, field demonstrations, preventive measures against fall armyworm, and awareness activities on integrated pest management, including the use of neem-based pesticides and ginger–chilli mixtures, along with other agricultural knowledge, for farmers growing seed maize and sweet corn.

In Kalay Township, seed maize cultivation yields over 50 baskets per acre, with production costs of around K500,000 per acre. Sweet corn cultivation yields about 15,000 ears per acre, with production costs exceeding K500,000 per acre.

206


Photo shows sweet corns.

# Labutta Township dispatches 67,000 viss of tiger crabs to Yangon market in Oct

**Labutta November 25**

Local fishery entrepreneurs from Labutta Township of Ayeyawady Region shipped 67,000 viss of tiber crabs to Yangon market in October, said Daw Htay Win, the owner of fishery product trading depot in Labutta Township.

They sent50,000 viss of tiger crabs in September, compared to 67,000 viss in October due to high demand from Yangon market.

Daw Htay Win said: "Local merchants send domestic fishery products to Yangon market regularly. Yangon market is the primary market of local fishermen of Labutta to sell fishery products. Last month, they sent a large volume of tiger crabs to Yangon. Depending on the freshness and weight, prices of tiger crabs change. Currently, local fishery entrepreneurs sell tiger crabs to Yangon market as well as domestic markets."

It is reported that tiger crabs exported from Labutta Township were sold at K16,500 per viss for small sizes, K22,500 per viss for medium sizes, and between K29,500 and K35,500 per viss for large sizes, depending on size variations. As these tiger crabs continue to be traded and exported steadily, it is learned that fishermen, independent traders, wholesalers, merchants, and truck rental operators are all benefiting from smooth business operations.

Kyaw Kyaw Lin


Photo shows tiger crabs.

# Mawlaik District plants more than 2,000 acres of kidney bean as cold season crops

**Mawlaik November 25**

Based on agricultural data of the Mawlaik District Agriculture Department stated that local farmers have planted more than 2,000 acres of kidney bean as cold season crops in Mawlaik District of Sagaing Region.

During the 2025–2026 winter crop season, Mawlaik District targeted the cultivation of 9,170 acres of kidney beans. Planting began in October this year, and as of today, 2,086 acres have been cultivated — 68 acres in Mawlaik Township and 2,018 acres in Phaungpyin Township.

"This winter crop season, we planned to grow over 9,000 acres of kidney beans in Mawlaik District. So far, more than 2,000 acres have already been planted. We are working to ensure the full target acreage is achieved. To help farmers improve yield and quality, we are cooperating with them to provide quality seeds, necessary inputs, and post-harvest technologies," said Daw Kywe Kywe Hlaing, head of the Mawlaik District Department of Agriculture.

For the 2025–2026 winter crop season, the district's acreage targets include 2,135 acres in Mawlaik Township and 7,035 acres in Phaungpyin Township, totalling 9,170 acres.

Farmers in Mawlaik District are receiving awareness support from the township Agriculture Department to expand acreage, improve yields, adopt GAP (Good Agricultural Practices), and use quality seed varieties with higher productivity.

Crops grown under GAP practices are known to have better quality, obtain higher prices, and access not only domestic markets but also export markets. Due to these improved quality standards, farmers using GAP methods are expected to achieve better economic returns.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## UAE က တရုတ်နိုင်ငံထုတ် Feilong-300D တိုက်ခိုက်ရေးဒရုန်းကို တာဝေးပစ်တိုက်ခိုက်ရေးစနစ်အဖြစ်ရွေးချယ်ရန် လေ့လာနေ



အာရပ်စော်ဘွားများပြည်ထောင်စု (UAE)သည် တာဝေးပစ်တိုက်ခိုက်ရေး လက်နက်များတွင် အလားအလာရှိသော ဖြည့်စွက်ချက်အဖြစ် တရုတ်နိုင်ငံထုတ် Feilong-300D တိုက်ခိုက်ရေးဒရုန်းကို လေ့လာသုံးသပ်နေကြောင်း ထောက်လှမ်းရေးသတင်းရင်းမြစ်များကို ကိုးကား၍ Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

UAE နိုင်ငံသည် ကုန်ကျစရိတ်နည်းသော အုပ်စုလိုက် ထိုးစစ်ဆင်နိုင်သည့်စနစ်များအပေါ် စိတ်ဝင်စားမှုကို မီးမောင်းထိုးပြနေပြီး အမေရိကန်၊ ဥရောပတို့နှင့် ကာလကြာရှည်စွာ ထိန်းသိမ်းထားသော ကာကွယ်ရေး ဆက်ဆံရေးများကြားတွင် တရုတ်နိုင်ငံကို ရွေးချယ်ရန် ကြိုးပမ်းလာသည်။

တရုတ်နိုင်ငံ Norinco ကုမ္ပဏီက ထုတ်လုပ်သည့် Feilong-300D ကို ကုန်ကျစရိတ်နည်းပြီး တာဝေးတိုက်ခိုက်နိုင်သော အသေခံဒရုန်းအဖြစ် ဖော်ပြထားပြီး ၎င်း၏ သက်သာသောဈေးနှုန်းနှင့် အစုလိုက်အပြုံလိုက် ထုတ်လုပ်နိုင်ခြေသည် UAE အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများစွာ၏ အာရုံစိုက်မှုကို အစောပိုင်းကတည်းက ရရှိခဲ့ခြင်းဖြစ်သည်။ ဤကိစ္စရပ်ကို အချက်သုံးချက်ဖြင့် ထည့်သွင်းတွက်ချက်နိုင်မည်ဖြစ်ကာ ယူအေအီး၏ စိတ်ဝင်စားမှုအကြောင်းရင်းများ၊ စနစ်အပေါ် UAE ၏ အမြင်နှင့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ပုံဖော်ပေးနိုင်မည့် မဟာဗျူဟာမြောက်ထည့်သွင်းစဉ်းစားမှုတို့ ဖြစ်ကြသည်။

တရုတ်နိုင်ငံ၏ Feilong-300D တိုက်ခိုက်ရေးဒရုန်းသည် ဒယ်လ်တာတောင်ပံဒီဇိုင်း၊ ခါတ်ဆီပစ္စတင်အင်ဂျင်၊ အစိတ်ပိုင်းခွဲခြားတပ်ဆင်နိုင်သော ထိပ်ဖူးများရွေးချယ်နိုင်မှုနှင့် အကွာအဝေး ၁၀၀၀ ကီလိုမီတာခန့်ထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ တန်ဖိုးနည်းပြီး အစုလိုက်အပြုံလိုက်ထုတ်လုပ်ရန် ရည်ရွယ်ထားသော ဤစနစ်ကို တာဝေးမှ အလုံးအရင်းဖြင့် ထိုးစစ်ဆင်ခြင်းမှတစ်ဆင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို လွှမ်းမိုးဖိဖျက်နိုင်ရန် ရည်ရွယ်ထားသည်။ စစ်ဘက်သုံး အဆင့်မြင့်ဒရုန်းများထက် အုပ်စုလိုက် တာဝေးပစ်တိုက်စွမ်းရည်ကို ရှာဖွေနေသည့် ဈေးနှုန်းဖြစ်သော နိုင်ငံများအတွက် ဈေးကွက်တွင် မက်မောစရာဖြစ်လာသည်။

နည်းပညာအသေးစိတ်အချက်အလက်များသည် ပြည့်စုံမှုမရှိသေးသော်လည်း ၎င်း၏သဘောတရားကို ဖော်ပြရန်လုံလောက်သော အချက်အလက်များ တရားဝင်ရရှိပြီးဖြစ်သည်။ ၎င်းတွင် အခြားတိုက်ခိုက်ရေးဒရုန်းများကဲ့သို့ပင် အလေးချိန် အတန်းအစားအလိုက် အစိတ်အပိုင်းများ ခွဲခြားတပ်ဆင်အသုံးပြုနိုင်မည့်ထိပ်ဖူးများ၊ Inertial နှင့် ဂြိုဟ်တုလမ်းညွှန်မှုအပေါ် တည်ဆောက်ထားသော လမ်းညွှန်ထိန်းကျောင်းမှုစနစ်ပါဝင်ကာ အလိုအလျောက်ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်များလည်း ပါဝင်နိုင်ဖွယ်ရှိသည်။ Feilong ၏ ဒီဇိုင်းမှာ အရေအတွက်များပြားစွာဖြန့်ကြက်ခြင်း၊ ဆုံးရှုံးမှုများကို လက်ခံခြင်းနှင့် ခံစစ်ဆင်သူများအတွက် ပိုမိုကုန်ကျစရိတ်ကြီးသော ကြားဖြတ်ဖျက်ဆီးရေးလက်နက်များကုန်ခမ်းလာစေရန် ဖိအားပေးခြင်းပေါ်တွင် သိသာထင်ရှားစွာအခြေခံထားကြောင်း သိရသည်။

UAE ၏ ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်း EDGE Group ကုမ္ပဏီအုပ်စု၏ HUNTER စနစ်များမှတစ်ဆင့် တိုက်ခိုက်ရေးဒရုန်းများကို ဦးစားပေးလုပ်ဆောင်ထားပြီးဖြစ်သည်။ တရုတ်ထုတ် Feilong-300D တိုက်ခိုက်ရေးဒရုန်းသည် UAE ၏ ပြည်တွင်းထုတ်ဒရုန်းများအစားထိုးရန်မဟုတ်ဘဲ UAE ၏ လက်နက်တိုက်ကို မဟာဗျူဟာမြောက်တာဝေးစွမ်းအားအဖြစ်သို့ ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ကြောင်း သိရသည်။

**UAE studies China's Feilong 300D loitering munition as a low-cost long-range strike option ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယကြည်းတပ်က နောက်ဆုံးပေါ်ဒရုန်းစနစ်များဝယ်ယူရန် ideaForge ကုမ္ပဏီထံ အမှာစာသစ်များပေးပို့ခဲ့

အိန္ဒိယကြည်းတပ်သည် အီလက်ထရွန်နစ် စစ်ဆင်ရေးအခြေအနေများတွင် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် နောက်ဆုံးပေါ်ဒရုန်းစနစ်များဝယ်ယူရန် ideaForge ကုမ္ပဏီထံ အမှာစာသစ်များထပ်မံပေးပို့ခဲ့ကြောင်း The Defense Post သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ ideaForge ကုမ္ပဏီသည် ၎င်း၏ မျိုးဆက်သစ် Zolt နည်းဗျူဟာမြောက်ဒရုန်းနှင့် SWITCH 2 ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သော မောင်းသူမဲ့လေယာဉ်တို့ကို အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်းခန့်တန်ဖိုးရှိသော အရေးပေါ်ရင်းနှီးမြှုပ်နှံမှုဝယ်ယူရေး အစီအစဉ်အောက်တွင် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

Zolt ဒရုန်းအတွက် မှာယူမှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းခန့်ရှိပြီး ၎င်း၏ စွမ်းဆောင်ရည်မြင့်မားမှုကို ကုန်းမြင့်ဒေသများနှင့် ပြင်းထန်သော Jamming အခြေအနေများရှိသည့် ပတ်ဝန်းကျင်အခြေအနေများတွင် စစ်မြေပြင်အကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်နိုင်ခဲ့ပြီးလည်းဖြစ်သည်။ အိန္ဒိယကြည်းတပ်တွင် အသင့်အသုံးပြုနေသည့် SWITCH 2 အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉ သန်းတန်ဖိုးရှိနောက်ဆက်တွဲ ထပ်မံမှာယူခဲ့ခြင်းလည်းဖြစ်သည်။

ဤသဘောတူစာချုပ်သည် ပုံမှန်စစ်လက်နက်ပစ္စည်းဖြည့်တင်းခြင်းထက် အငြင်းပွားနေသော နယ်နိမိတ်များတစ်လျှောက် အိန္ဒိယနိုင်ငံ၏ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး၊ အုပ်ချုပ်ထောက်ပံ့ရေးလုပ်ငန်းများနှင့် တိုက်ခိုက်ရေးတာဝန်များကို တိကျစွာဆောင်ရွက်နိုင်စွမ်းရှိစေရေး ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းအားထုတ်မှုတစ်ရပ်လည်းဖြစ်သည်။ Zolt ဒရုန်းဒီဇိုင်းသည် ဤပြောင်းလဲလာမှုကို ထင်ဟပ်စေလျက်ရှိပြီး ၎င်းကို တာဝေးပျံသန်းကင်းထောက်ရေးမစ်ရှင်များအတွက် တည်ဆောက်ထားပြီး လက်နက်များတပ်ဆင်၍လည်း ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေလိမ့်မည်ဖြစ်သည်။

ideaForge ကုမ္ပဏီသည် လွန်ခဲ့သောနှစ်များစွာအတွင်း အိန္ဒိယ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဂေဟစနစ်တစ်လျှောက်တွင် တိုးတက်မှုများ တရိပ်ရိပ်ရရှိခဲ့သည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဇွန်လတွင် ကုမ္ပဏီသည် အစိုးရထံမှ ရူပီး ၁ ဒသမ ၃၇ ဘီလီယံတန်ဖိုးရှိ မီနီမောင်းသူမဲ့လေယာဉ်များအတွက် အရေးပေါ်မှာယူမှုတစ်ရပ်ကို လက်ခံရရှိခဲ့သည်။ ဤစာချုပ်အရ ideaForge သည် တောင်ပံပုံသေတပ်ဒေါင်လိုက်ပျံတက်ဆင်းသက်နိုင်သောဒရုန်းများကို အိန္ဒိယကြည်းတပ်သို့ လွှဲပြောင်းပေးအပ်သွားရမည်ဖြစ်သည်။



ကြည်းတပ်အပြင် အမျိုးသားဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့များနှင့် အခြေခံအဆောက်အအုံအာဏာပိုင်များကဲ့သို့သော အစိုးရအေဂျင်စီများသည် မြေပုံရေးဆွဲခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများမှသည် အရေးပါသောပိုင်ဆိုင်မှုများကို စောင့်ကြည့်ခြင်းထိ လုပ်ငန်းများအတွက် ideaForge ကုမ္ပဏီထုတ် UAV များ၊ ဒရုန်းများကို အသုံးပြုလာခဲ့ကြသည်။

ideaForge မှ Zolt နှင့် SWITCH 2 ဒရုန်းများအတွက် အရေးပေါ်အမှာစာပေးပို့ခြင်းသည် အိန္ဒိယကြည်းတပ်အနေဖြင့် နယ်စပ်ဒေသစစ်ဆင်ရေးများတွင် ပြည်တွင်းထုတ်၊ လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်သော ဒရုန်းစနစ်များကို မရှိမဖြစ်လိုအပ်ကြောင်း အသိအမှတ်ပြုလာခြင်းလည်းဖြစ်သည်။ အထူးသဖြင့် Zolt ဒရုန်းသည် ပြင်းထန်သော အီလက်ထရွန်နစ်စစ်ဆင်ရေး ပတ်ဝန်းကျင်အခြေအနေနှင့် ကုန်းမြင့်ဒေသများတွင် စမ်းသပ်မှုများအောင်မြင်ပြီးနောက်မှသာ အမှာစာပေးပို့ခဲ့ခြင်းလည်းဖြစ်သည်။ ဒရုန်းများသည် တာဝေး ISR နှင့် လက်နက်များတပ်ဆင်၍ တိကျစွာတိုက်ခိုက်နိုင်စွမ်းပါရှိသောကြောင့် အိန္ဒိယနိုင်ငံသည် ၎င်း၏ ရှေ့တန်းတပ်ဖွဲ့များကို နည်းဗျူဟာမြောက်ထောက်လှမ်းရေးနှင့် ထိုးစစ်စွမ်းရည်ကို လျင်မြန်စွာမြှင့်တင်ပေးနေပြီး ကာကွယ်ရေးတွင် မိမိကိုယ်ကိုအားကိုးနိုင်ရေးရည်မှန်းချက်ကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း သိရသည်။

**ideaForge Wins $11M Indian Military Drone Deal ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်



ကလေး နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်း ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်း ၂၄၁၆၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေ့က ပြောပြသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် တောင်သူများ အနေဖြင့် လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေ့က ပြောပြသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်နေ

ကျိုက်လတ် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာကပြောသည်။

ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးစိမ်းများ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၉၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"ငရုတ်သီးစိမ်းတွေအရောင်း အဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ငရုတ်သီးစိမ်းကို အမျိုးအစား နှစ်မျိုး စိုက်ပျိုးတာတွေ့ရပါတယ်။ အခုလို ငရုတ်သီးစိမ်းတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ငရုတ်စိုက်တဲ့တောင်သူတွေ၊ လယ်ယာလုပ်သားတွေ အလုပ်အကိုင်အဆင်ပြေလာတာတွေ့ရတယ်။ ငရုတ်သီးစိမ်းက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးစိမ်းများသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက် ငရုတ်သီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်ပျိုးသူများ၊ လယ်ယာလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဖြူးမြို့နယ် ဇဟား(အလယ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ဖြူး နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇဟားကျေးရွာအုပ်စု ဇဟား(အလယ်)ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဖြစ်ထွန်းအောင်မြင်စေရန် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၂၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇဟား (အလယ်)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို ရန်ပုံငွေကျပ်သိန်း ၂၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍သိရသည်။

**ကိုပြည့်**





# ဆင်ပေါင်ဝဲမြို့နယ် မကြီးကုန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး



ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကြီးကုန်းကျေးရွာ၌ ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာစနစ်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

မကြီးကုန်းကျေးရွာတွင် သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက် ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဆိုလာစနစ်တပ်ဆင်ခြင်း၊ အရှည် ပေ ၃၃၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၉၇ ဒသမ ၈၈ သန်းဖြင့် ဌာနအင်ဂျင်နီယာများစုဖွဲ့ကာ ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။ **ငြိမ်းသူ(စလင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲနှင့် တန် ၁၂၀ ဆန်စက် ပန္နက်ရိုက်အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အကွက်အမှတ်(၅၉၀)တွင် ကျင်းပသည်။

အခမ်းအနားသို့သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တန် ၁၅၀ ဆန်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆန်စက်များအနက် အဆင့်မြင့် ဆန်စက်ကြီးတစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများမှထွက်ရှိလာသော စပါးများအလေအလွင့်မရှိစေရေး၊ ဈေးကွက်ရရှိရေး၊ အခြေခံတောင်သူလယ်သမားများ၏လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့အနေဖြင့်လည်း သွင်းအားစုများပံ့ပိုးမှု၊ ထွက်ရှိသီးနှံများ ဈေးကွက်ချိတ်ဆက်ပေးမှုတို့ဖြင့် အကျိုးတူလယ်ယာစနစ်(Contract Farming System)ကိုဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တန် ၁၅၀ ကျ ဆန်စက်ပေါ်ပေါက်လာရေးဆောင်ရွက်ပေးခဲ့မှုများ၊ ဆန်စက်၏ လည်ပတ်စွမ်းအားနှင့် အဆင့်မြင့်ကြိတ်ခွဲပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့်အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက်စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ယခု တန် ၁၅၀ ဆန်စက်တွင် သမဝါယမကောလိပ်ကျောင်းဆင်းများနှင့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းဆင်းများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက်တည်ဆောက်ခဲ့မှုနှင့် မြန်မာတစ်နိုင်ငံလုံး ဆန်စက်တည်ဆောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင်သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းတည်ဆောက်မည့် တန် ၁၂၀ ကျ ဆန်စက်ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်တင်ပေး၍ စမ်းဝတီနို့ချက်စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သဘာဝမြေဩဇာထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ပန်းရိုးမရေသန့်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နန္ဒာ(မြောက်) ခေတ်မီစံပြကျေးရွာ၌ ကျေးရွာမှမြို့သို့သွားသော အရှည် တစ်မိုင် ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမကောလိပ်၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများကို သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား၍ ပေါင်းကူးတက်ရောက်ခွင့်မရရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော်၂၀၂၅(Science Festival 2025) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီ Naypyitaw State Polytechnic University (NSPU)၌ ဆက်လက်ကျင်းပသည်။

သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊အမြဲတမ်းအတွင်းဝန်၊တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute)မှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ် ကျောင်းသား၊ကျောင်းသူများ၏ Project Shows ပြုလုပ်နေမှု၊ ပန်းချီပြခန်းနှင့် စုဝေးခန်းမ၌ "The Science Movies Almanac" မှတ်တမ်းရုပ်ရှင်များပြသနေမှုကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရုရှားနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြားဆွေးနွေးပေးကြသည်။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းများမှ Grade–5 ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀ သည် "DIY Science Session" ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်းပြိုင်ပွဲတွင် လူငယ်များသိပ္ပံကမ္ဘာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရရှိစေမည့် အခွင့်အလမ်းများပေးနိုင်ရန်၊ အခြေခံအင်ဂျင်နီယာနည်းပညာရပ်များ တီထွင်ဖန်တီးနိုင်သော အရည်အချင်းများ၊အသိပညာဗဟုသုတများ ရရှိစေရန် ပျော်ရွှင်တက်ကြွစွာပါဝင်ဆင်နွှဲကြသည်။

Small Modular Reactor(SMR) အသေးစားနျူကလီးယားစက်ရုံနှင့် စပ်လျဉ်းသည့် အသိပညာဟောပြောပွဲတွင် ရုရှားပညာရှင်များက SMR သည် ဘေးကင်းပြီး ယုံကြည်စိတ်ချရမှုရှိသည့် နည်းပညာရပ်များဖြင့် တည်ဆောက်ထားသော စနစ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ် ကျရောက်ပါက အလိုအလျောက်ဘေးကင်းလုံခြုံစွာ Shut Down လုပ်နိုင်စွမ်းရှိသည့် စနစ်များပါရှိကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

HackAtom ပြိုင်ပွဲတွင် အဖွဲ့ ၁၀ ဖွဲ့မှ Small modular nuclear reactors as a basis for industrial development of the region ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက အနိုင်ရရှိသည့်အဖွဲ့များကို ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။






ရှေ့ဖုံးမှအဆက်

ဗြဟ္မဝိဟာရကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်အနီးဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူ ၃၉၁ ဦးကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊မျက်စိရောဂါ ၄၃ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ Ultrasound ဖြင့်စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ရောဂါကတော့အထွေထွေလာပြတာပါ။ ဒေသခံတွေအနေနဲ့ တချို့သက်ကြီးရွယ်အိုတွေကျတော့ ဝေးဝေးလံလံမြို့ကို မသွားနိုင်တာမျိုးတွေရှိတယ်။ တချို့တချို့ကျတော့လဲ ဆေးကုသရေးမှာ နည်းနည်းအခက်အခဲတွေတော့ရှိကြတယ်လေ။ ဒီလိုနီးနီးနားနားလာကုတော့ပိုအဆင်ပြေတာပေါ့။ ဒီမှာကတော့ ရာသီတုပ်ကွေး အဲဒါမျိုးတွေအဖြစ်များတာတော့ရှိတယ်။ သူတို့လဲ ကျေးဇူးတင်တယ်ပေါ့လေ၊ နောက်လဲဒီလိုလာရောက်ပြီးတော့ ဆေးကုသပေးဖို့လဲ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

"ဒီတောင်ကလေးကပဲ ဆေးကုသမှုလာရောက်ခံယူတာပါ။ ခေါင်းတွေရိပ်ခနဲရိပ်ခနဲမူးနေလို့ အဲ့ဒါဝင်ပြတာ။ သွေးနည်းနည်းတိုးနေတယ်တဲ့ စိုးရိမ်စိတ်များလို့ပေါ့။အဲ့ဒီမှာ သွေးညှိဆေးတို့ သွေးပေါင်ကျဆေးတို့ပေးလိုက်တယ်။ကျေးဇူးအများကြီးတင်ပါတယ်။ မသွားနိုင်တဲ့သူတွေလဲ ဒီမှာလာပြလို့ရတယ်လေ။ လာပြီးဆေးကုသပေးတာရော အကုန်လုံးအတွက် ဝမ်းသာပါတယ်။ ကျေးဇူးလဲတင်ပါတယ်"ဟု ပြောသည်။ (၅ဝ၁)










တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ကျုံကူးကျေးရွာ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးကို







ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါဦးရေ ၁၄၀၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊အရိုးရောဂါ ၉၃ ဦး၊နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၅၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါဦးရေ ၁၁၀ တို့ကိုလိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၃၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound ဖြင့်စမ်းသပ်စစ်ဆေးလူနာ ၉၁ ဦး၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ "ဘဝတစ်သက်တာကျန်းမာရေး" ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ဆေးဝါးလာရောက်ကုသမှုခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"နှာခေါင်းတွေနံလာပြီဆိုလို့ရှိရင် နေပူထဲထွက်လို့မရဘူး။ နေပူထဲထွက်တာနဲ့ အဲ့ဒီလိုအနံ့တွေထွက်လာရော နှာရည်တွေလဲယိုတာပေါ့နော်။ နှာခေါင်းထဲထည့်တဲ့ဆေးပေးတယ်။ သောက်ဆေးပေးတယ်။ ကောင်းသွားတယ်။ ငါးရက်စာပေးရင် သုံးရက်လောက်နဲ့ကောင်းသွားတယ်။ သံလွင်သင်္ဘောလာတယ်ဆိုတော့ အားကိုးတာပေါ့။ ကောင်းမှန်းသိလို့လာတာပေါ့"ဟု ပြောသည်။

"လည်ပင်းတစ်ဆို့ဆို့ဖြစ်တာ သုံးလေးရက်လောက်တစ်ခါဖြစ်တယ်။ ပြန်ပျောက်သွားလိုက်ဖြစ်လိုက်အဲ့သလို။ ဆရာဝန်က ဆေးပေးလိုက်တယ်လေ တစ်နေ့တစ်ခါသောက်ဖြစ်တဲ့အချိန်မှာ သောက်ပေါ့နော် အဲဒါဆိုကောင်းသွားမယ်ပေါ့။ အားလုံးအဆင်ပြေပါတယ်။ မိသားစုပုံစံမျိုးလဲ ဆက်ဆံတယ်။ လူအများအတွက်ကိုလာပြီး အကျိုးဆောင်ပေးတဲ့အတွက် အထူးဝမ်းသာတယ်။ လှိုက်လှိုက်လှဲလှဲလဲဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၅ဝ၁)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲ ၇၁၇ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲ ၇၁၇ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲဒသမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၄၀၁)မှ (၅၀၈၅) ထိကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲ ၄၄၃ တွဲ၊ ကျောက်မျက်အတွဲ ၆၇ တွဲ၊ အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲ ၂၁၁၀ နှင့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၁၄၁၂ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၉/၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှ ရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်အား တာဝန်မှ ရပ်စဲလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း


**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း ကိုမိုရင်းဧရိယာ(Comorin area)နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံတောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




**❖ မုန်တိုင်းငယ်မှ**

မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကော့သောင်းမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်၊ မလေးရှားနိုင်ငံ ပီနန်မြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၀ ခန့်၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးမြို့၏ အရှေ့ဘက် ရေမိုင် ၂၆၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ကားနီကိုးဘားမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၄၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲ ပေါ်ပေါက်ရေး"** ခေါင်းစဉ်ဖြင့် ၂၆-၁၁-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အမှန်တရားကိုမျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကိုအားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ

အောင်ရှင်း

ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide CSW) ၏ဥက္ကဋ္ဌဖြစ်သူ မစ္စတာမာဗင်သောမတ်စ်ဆီ ဒီအိတ်ဖွင့်ပေးစာကို ရေးသားတာဟာ ဘယ်သူများလဲလို့ စိတ်ဝင်စားနေပါလိမ့်မယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူတစ်ယောက်သာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း၊ တစ်ဖက်သတ်စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူတစ်ဦးဖြစ်ပါတယ်။

ခင်ဗျားတို့ **CSW အဖွဲ့ရဲ့ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက်က ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ သတင်းပြန်ကြားချက်ကို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒီပြန်ကြားချက်ဟာ အချက်အလက်ခိုင်မာမှု၊ မျှတမှုလုံးဝမရှိဘဲ၊ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် အခြေအမြစ်မရှိ ပရမ်းပတာစွပ်စွဲထားတဲ့ ဝါဒဖြန့်စာရွက်တစ်စောင်မျှသာဖြစ်တယ်လို့ ကျွန်တော်တို့ ပြတ်ပြတ်သားသား ပြောကြားလိုပါတယ်။**



အကြမ်းဖက်သမားများမှ ဒီးမော့ဆိုမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် ခံစစ်စခန်းပြုလုပ်ထားမှု






အကြမ်းဖက်သမားများက မိုးဗြဲမြို့နယ်ရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ကသာမြို့နယ် မိုးတားလေးရွာရှိ ဘုရားကုန်းအား အကာအကွယ်ယူအသုံးချတိုက်ခိုက်ခဲ့သည့် အထောက်အထားများ

ခင်ဗျားဟာ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ မြေပြင်ပကတိအခြေအနေမှန်တွေကို တိတိကျကျ သိရှိနားလည်ခြင်းမရှိဘဲ၊ ပြည်တွင်း/ပြည်ပက ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုတွေက လိုသလိုပုံဖော်ထားတဲ့ သတင်းအချက်အလက်အမှားတွေကိုသာ အခြေခံပြီး သံယောင်လိုက်ပြောဆိုနေခြင်းဖြစ်ပါတယ်။ ခင်ဗျားရဲ့ ဒီလိုစည်းကမ်းမဲ့တဲ့ ထုတ်ဖော်ပြောဆိုချက်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေကို မခန့်လေးစားပြုမှုပြောဆိုရာရောက်သလို၊ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကို အားပေးအားမြှောက်ပြုရာရောက်တဲ့ စော်ကားမှုတစ်ခုလည်းဖြစ်ပါတယ်။

ဒါကြောင့် ဒီအိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံအတွင်းမှာ အမှန်တကယ်နေထိုင်နေပြီး NUG၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်အဖွဲ့တွေကြောင့် ဖြစ်ပေါ်နေတဲ့အကြမ်းဖက်လုပ်ရပ်တွေကိုမြင်တွေ့ခံစားနေရတဲ့ သာမန်ပြည်သူတစ်ဦးရဲ့ အသံအဖြစ်၊ ခင်ဗျားရဲ့ မဟုတ်မမှန် စွပ်စွဲချက်တွေကို ပြန်လည်တုံ့ပြန်ရှင်းပြလိုပါတယ်။

ပထမဆုံးအနေနဲ့ ခင်ဗျားနားလည်ထားရမှာက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ပျက်စီးဆုံးရှုံးမှုတွေဟာ ခင်ဗျားစွပ်စွဲသလို တပ်မတော်ကအရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်နေလို့ ဖြစ်နေတာမဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်က NLD ပါတီရဲ့ အစွန်းရောက်အုပ်စုတွေကနေ မွေးဖွားလာတဲ့ NUG၊ CRPH၊ PDF လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ "အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်" (all-out destruction path) ကြောင့်သာဖြစ်ပါတယ်၊ သူတို့ဟာကိုယ်ကျိုးရှာနိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ သူတို့ကို မထောက်ခံတဲ့ ပြည်သူတိုင်းကို ဒလန်လို့စွပ်စွဲပြီး အကြောင်းမဲ့သတ်ဖြတ်နေကြတာဟာ ကမ္ဘာကအသိပါ။

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ကိုးကွယ်မှုဘာသာအယူအဆခွဲခြားမှုရှိနေပြီး မျှတမှုမရှိ အသည်းအသန်စိုးရိမ်ပြနေချိန်မှာ ဒီအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ ပြည်သူတွေအကြောင်းကိုတော့ ဘာကြောင့်တစ်ခွန်းမှ မပြောတာပါလဲ။

ခင်ဗျားတို့ရဲ့ သုတေသနထဲမှာ NUG၊ PDF အကြမ်းဖက်သမားတွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ လက်နက်မဲ့ အပြစ်မဲ့ပြည်သူ (၅၇၆၇) ဦးအကြောင်း ဘာလို့မပါတာလဲ။

သူတို့ရဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရတဲ့ ဗုဒ္ဓဘာသာရဟန်း၊ သံဃာတော် ၈၈ ပါးနဲ့ သီလရှင်နှစ်ပါးအကြောင်းကိုရော ခင်ဗျား ဘာကြောင့် လျစ်လျူရှုထားတာလဲ။

အနာဂတ်မျိုးဆက်သစ်တွေကို ပညာသင်ပေးနေတဲ့ ဆရာ၊ ဆရာမ ၇၈ ဦး အပါအဝင်၊ ပြည်သူ့ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးမှူးတွေထောင်နဲ့ချီပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာကိုရော ခင်ဗျားရဲ့ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့က မသိလေအောင် မျက်စိပိတ်၊ နားပိတ်နေခဲ့တာလား။

ပြည်သူပိုင် စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံ ၅၆၀ ခုကို ဖုံးခွဲမီးရှို့ဖျက်ဆီးခဲ့တာ၊ တံတားတွေ၊ ဆေးရုံတွေ၊ အုပ်ချုပ်ရေးရုံးတွေကို မိုင်းခွဲခဲ့တာတွေကရော ခင်ဗျားတို့ရဲ့ ဘာသာရေးလွတ်လပ်ခွင့်စံနှုန်းတွေနဲ့ ကိုက်ညီနေလို့လား။

မြန်မာ့တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့ တရားဝင် ကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပြီး ဒီလိုမျိုးအကြမ်းဖက် လုပ်ရပ်တွေကို တုံ့ပြန်ဖို့နဲ့ နိုင်ငံသားအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့ တာဝန်ရှိပါတယ်။ တပ်မတော်ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) ကို Rules of Engagement (ROE) နဲ့အညီ စနစ်တကျ ဆောင်ရွက်နေတာဖြစ်ပြီး ခင်ဗျားစွပ်စွဲသလို ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်း၊ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး လုံးဝ(လုံးဝ) မရှိပါဘူး။



ဘာသာပေါင်းစုံ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသည့် ရန်ကုန်မြို့ရှိ အထင်ကရနေရာ

ခင်ဗျားရဲ့ နိုဝင်ဘာ ၄ ရက်က ထုတ်ပြန်စွပ်စွဲချက်တွေကို ကျွန်တော်တို့ ပြည်သူတွေက အချက်အလက်အမှန်တွေနဲ့ ရှင်းပါဦးမယ်။ ခင်ဗျားက FORB Network ဆိုတာကို ကိုးကားပြီး ခရစ်ယာန်ဘုရားကျောင်း ၂၂၀ ကျော် ဖျက်ဆီးခံရတယ်၊ ဘုန်းတော်ကြီး ၈၅ ပါး သတ်ဖြတ်ခံရတယ် ဆိုတဲ့စွပ်စွဲချက်ဟာ အကြီးစားလိမ်လည်မှုမြောက်ပါတယ်။

ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law-IHL) ကို ကိုးကားခဲ့တယ်။ ဒါပေမဲ့ IHL က "ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့" အတိအလင်းတားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ **အဖြစ်မှန်ကတော့ ချင်းပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ NUG က မွေးထုတ်လိုက်တဲ့ CNF၊ CNA၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ "ဘာသာရေးအဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း" (Abusing Religious Buildings as Defensive Posts)၊ "ယာယီစစ်တန်းလျားအဖြစ်အသုံးပြုခြင်း" (Using as Temporary Barracks) နဲ့ "အဆိုပါဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း" (Planting Landmines Near Places of Worship) တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်။**

အဲဒီ CNF၊ CNA၊ PDF အဖွဲ့တွေဟာ ချင်းပြည်နယ်မှာ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကို နှောင့်ယှက်တိုက်ခိုက်နေပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကိုဖျက်ဆီးနေလို့ ခေတ်အဆက်ဆက်သူပုန်မရှိခဲ့တဲ့ချင်းပြည်နယ်မှာ တိုက်ပွဲတွေဖြစ်ပွားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့

စာမျက်နှာ ၂၀ သို့

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာပေါင်းစုံဘာသာရေးပွဲတော်များသို့ တက်ရောက်အားပေးသည့်မှတ်တမ်း



နေပြည်တော် မာရဝိဇယဘုရားကြီးတန်ဆောင်တိုင် ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်နေမှု



St. Mary's Cathedral Church တွင် ခရစ်တော်မွေးနေ့ (ခရစ်စမတ်) အခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု



ပျဉ်းမနားမြို့နယ်ရှိ ဦးကျေး ဂျာမေ့ဗလီတွင် အစ္စလာမ်ဘာသာဝင်များအား အလှူငွေများပေးအပ်လှူဒါန်းနေမှု




ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်အား တက်ရောက်ချီးမြှင့်နေမှု




တရုတ်နှစ်သစ်ကူးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု




ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်နေမှု

**စာမျက်နှာ ၁၉ မှအဆက်**

NUG အဖွဲ့ရဲ့ လွဲမှားတဲ့နိုင်ငံရေးအတွေးကြောင့် ဖြစ်ပေါ်လာရတဲ့တိုက်ပွဲတွေဖြစ်ပါတယ်။ ဒါတွေက တပ်မတော်ရဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုက်ပွဲတွေမဟုတ်ပါဘူး။ တပ်မတော်ဟာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့အဖျက်လုပ်ရပ်တွေကိုဟန့်တားပြီး တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်ရေးအတွက် အကြမ်းဖက်သူပုန်တွေကို ဦးတည်တိုက်ခိုက်နေရုံမျှသာဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဘယ်ဘာသာရေးအဆောက်အအုံကိုမှ အကြောင်းမဲ့ပစ်မှတ်ထားတိုက်ခိုက်တာမျိုးလုံးဝမရှိပါ။ ပျက်စီးမှုတွေဟာ တိုက်ပွဲဇုန်အတွင်းဖြစ်ပွားနိုင်တဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေတွေ (Unavoidable Collateral Damage)၊ အထူးသဖြင့် အကြမ်းဖက်အဖွဲ့တွေက ဘုရားကျောင်း၊ စေတီပုထိုးတွေကို အကာအကွယ်ယူအသုံးချ တိုက်ခိုက်နေတာကြောင့်ဖြစ်ပါတယ်။

**IHL အရ ကာကွယ်ထားတဲ့ နေရာတစ်ခုကို စစ်ရေးခံစစ်စခန်းအဖြစ် အသုံးပြုလိုက်တဲ့အချိန်မှာ၊ အဲ့ဒီနေရာဟာ သူ့ရဲ့ အကာအကွယ် (Protected Status) ကို ဆုံးရှုံးသွားပြီး တရားဝင်စစ်ရေးပစ်မှတ် (Legitimate Military Target) ဖြစ်သွားတယ်ဆိုတာ IHL ကို ကိုးကားထားတဲ့ ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းတွေပျက်စီးရခြင်းရဲ့တရားခံအစစ်ဟာ အကြမ်းဖက်သမားတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။**

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ ပုဒ်မ ၃၄ မှာ ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံထားပြီးသားဖြစ်လို့ မြန်မာနိုင်ငံအတွင်းမှာ အဓိကကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားသောဘာသာရေးအဆောက်အအုံများစာရင်းကိုခင်ဗျားသိအောင်ဖော်ပြပေးလိုက်ပါတယ်၊

လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ရာအတိုင်း ဗုဒ္ဓဘာသာအပါအဝင် အခြားဘာသာပေါင်းစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ပေးထားချက်အရ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသလို လက်ရှိယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်တဲ့ အစိုးရကလည်း မြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးရဲ့ ဘာသာရေးပွဲတော်တွေကို လုပ်ငန်းအားလပ်မှုအပေါ်မူတည်၍ ကိုယ်တိုင်တက်ရောက်ချီးမြှင့်အားပေးလျက်ရှိပါတယ်။

ဒါပေမဲ့ အကြမ်းဖက်သမားတွေက မြို့ပြတွေမှာပါ ဘာသာရေးပွဲတော်ကို အသုံးချပြီး အကြမ်းဖက်မှုပြုလုပ်ရန် ရည်ရွယ်ချက်အတွက် လူစုလူဝေးပွဲတွေ၊ လူနေရပ်ကွက်တွေ၊ ဘုရားကျောင်းလိုနေရာမျိုးတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်မှုတွေ၊ ဗုံးခွဲမှုတွေလုပ်ဆောင်ဖို့ စိမ့်ဝင်ကြိုးပမ်းနေတာတွေ ရှိနေပါတယ်၊

ဒါကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့လုံခြုံရေးဆိုင်ရာ စိစစ်မှုတွေ၊ ယာယီထိန်းညှိမှုတွေ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါဟာ ခရစ်ယာန်ဘာသာကို ပစ်မှတ်ထားတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေရဲ့ လှုပ်ရှားမှုကို တားဆီးဖို့သာဖြစ်ပြီး ဝတ်ပြုကိုးကွယ်သူ ပြည်သူတွေရဲ့ လုံခြုံရေးကို ကာကွယ်ပေးခြင်းသာဖြစ်ပါတယ်။ ခင်ဗျားတို့စွပ်စွဲသလို ခရစ်ယာန်နဲ့ အစ္စလာမ်တွေကို ရန်သူအဖြစ် သတ်မှတ်နေတာမဟုတ်ဘဲ၊ အကြမ်းဖက်သမားတွေကိုသာ ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်နေတာဖြစ်ပါတယ်။

ခင်ဗျားရဲ့ စွပ်စွဲချက်တွေထဲမှာ အလွယ်တကူအမှားအမှန်စစ်ဆေးနိုင်တဲ့ လိမ်ညာမှုကတော့ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေးငလျင်ကြီးနဲ့ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ခင်ဗျားက "ပြိုကျပျက်စီးသွားသော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများအား မူလပုံစံအတိုင်းသာ ပြန်လည်တည်ဆောက်ခွင့်ပြုသည်"ဆိုတဲ့ အမိန့်ဟာခွဲခြားဆက်ဆံမှုဖြစ်ပြီး ဒီကန့်သတ်ချက်ကြောင့်သက်တမ်းရင့်ခရစ်ယာန်ဘုရားကျောင်းတွေ ပြိုကျပျက်စီးသွားရသလို ပုံဖော်စွပ်စွဲရေးသားထားပါတယ်။

ခင်ဗျားရဲ့ ဒီစွပ်စွဲချက်ဟာ လုံးဝလွဲမှားနေကြောင်း ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ ငလျင်ဘေးဟာ ဘာသာပေါင်းစုံကို ထိခိုက်ခဲ့ပါတယ်။ မတ် ၂၈ ရက်ကဖြစ်ပေါ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ ဘာသာတရားကိုရွေးပြီး ခွဲခြားလှုပ်ခတ်ခဲ့တာ မဟုတ်ပါဘူး။ ခင်ဗျားရဲ့ သုတေသနဟာမန္တလေးမြို့က ကမ္ဘာကျော်ဗုဒ္ဓဘာသာအမွေအနှစ်တွေရဲ့ ပျက်စီးမှုကို တမင်ချန်လှပ်ထားခဲ့ပါတယ်၊ ယူနက်စကို (UNESCO) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ကုသိုလ်တော်ဘုရားဟာ ပြင်းထန်စွာပျက်စီးမှုကို ခံစားခဲ့ရပါတယ်၊ အလားတူပဲ ရွှေဂူကြီးကျောင်းတိုက်၊ မယ်နုအုတ်ကျောင်းနဲ့ မင်းကွန်းပုထိုးတော်ကြီးအစရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရနေရာပေါင်းများစွာလည်း အကြီးအကျယ်ပျက်စီးခဲ့ပါတယ်။

ပြန်လည်တည်ဆောက်ရေးဟာအားလုံးအတွက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံ ၁၇၀၀ ကျော်ကို ပြန်လည်ထိန်းသိမ်း၊ ပြုပြင်၊ တည်ဆောက်ပေးလျက်ရှိနေပါတယ်၊ မူလပုံစံအတိုင်းဆိုတာ နိုင်ငံတကာစံနှုန်းဖြစ်ပါတယ်၊ ခင်ဗျားကခွဲခြားဆက်ဆံတဲ့ ကန့်သတ်ချက်လို့စွပ်စွဲတဲ့ မူလပုံစံအတိုင်းသာဆိုတဲ့ မူဝါဒဟာ တကယ်တော့ ခွဲခြားဆက်ဆံမှုမဟုတ်ပါဘူး။ ဒါဟာ ယူနက်စကို (UNESCO)နဲ့ နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites-ICOMOS) လို နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းရေးကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ၊ ရှေးဟောင်းအမွေအနှစ်တန်ဖိုး မပျက်စီးစေဖို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာမခွဲဘဲ တန်းတူညီမျှကျင့်သုံးရတဲ့ နိုင်ငံတကာစံနှုန်း (International Standard for Historical Preservation) တစ်ခုသာဖြစ်ပါတယ်။

ဒီအချက်ကိုတောင် ခင်ဗျားကတမင်လိမ်ညာပြီး ဘာသာရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့တာဆိုတော့ CSW အဖွဲ့ရဲ့ ရည်ရွယ်ချက်ဟာ ညီညွတ်ရေးမဟုတ်ဘဲ ဖြိုခွဲရေးဖြစ်နေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ခင်ဗျားဟာ စွပ်စွဲချက်တွေအပြင် တောင်းဆိုချက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့တဲ့ အချက်တွေဟာဆိုရင်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အဝေးကနေလက်ညှိုးထိုးအမိန့်ပေးချင်နေတဲ့ ကိုလိုနီစရိုက်ကို ထင်ဟပ်စေပါတယ်။

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ခင်ဗျားရဲ့ တောင်းဆိုချက်တွေထဲမှာ အသိအမှတ်မပြုနိုင်လောက်အောင် စော်ကားမှုမြောက်တာကတော့ ၂၀၂၄ ခုနှစ် စစ်မှုထမ်းဥပဒေအား ချက်ချင်းရုပ်သိမ်းရမယ်ဆိုတဲ့အချက်ပါပဲ။

မစ္စတာမာဗင်သောမတ်စ် သိသင့်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ (၃၈၅)၊ (၃၈၆) တို့နဲ့အညီ တရားဝင်အတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါဟာ ခင်ဗျားစွပ်စွဲသလို နှိပ်စက်ညှဉ်းပန်းမှုလက်နက်မဟုတ်ပါဘူး။ ဒါဟာ အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပြင် ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေလိုမျိုးပဲဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်အရ လက်ရှိအခြေအနေနဲ့ကိုက်ညီစွာအကောင်အထည်ဖော်ထားတာဖြစ်ပါတယ်။

ဒါဆိုခင်ဗျားရဲ့ **CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလို နိုင်ငံတွေကိုရော သူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်းလမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက်စွက်ဖက်တာမျိုး ခွင့်မပြုနိုင်၊ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဗျားအတိအလင်း သိရှိထားရပါမယ်။**

| စဉ် | မြို့နယ် | ခရစ်ယာန် | | | အစ္စလာမ် | | | ဟိန္ဒူ | | | ဘုံကျောင်း | | | နတ်နန်းအခြား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဗလီ | စာသင်ကျောင်း | ပေါင်း | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဘုံကျောင်း | စာသင်ကျောင်း | ပေါင်း | | |
| ၁ | ကချင် | ၁၃၆၃ | ၈ | ၁၃၇၁ | ၂၀ | ၃ | ၂၄ | ၅၉ | - | ၅၉ | ၃၇ | - | ၃၇ | ၂ | |
| ၂ | ကယား | ၄၂၄ | ၇ | ၄၃၁ | ၁ | ၁ | ၂ | ၅ | - | ၅ | ၁ | - | ၁ | - | |
| ၃ | ကရင် | ၉၇ | ၈ | ၁၀၅ | ၆၉ | ၇၀ | ၁၃၉ | ၃၂ | ၁၉ | ၅၁ | ၅ | - | ၅ | - | |
| ၄ | ချင်း | ၂၃၅၈ | ၁၁ | ၂၃၆၉ | ၁ | - | ၁ | ၂ | - | ၂ | - | - | - | ၃၅ | |
| ၅ | စစ်ကိုင်း | ၈၆၄ | ၁၂ | ၈၇၆ | ၈၁ | ၂၀ | ၁၀၂ | ၂၅ | - | ၂၅ | ၇ | - | ၇ | - | |
| ၆ | တနင်္သာရီ | ၉၈ | - | ၉၈ | ၁၀၀ | - | ၁၀၀ | ၁၉ | - | ၁၉ | ၃၄ | - | ၃၄ | - | |
| ၇ | နေပြည်တော် | ၄၆ | - | ၄၆ | ၂၆ | ၁ | ၂၇ | ၇ | - | ၇ | ၄ | - | ၄ | - | |
| ၈ | ပဲခူး(ရှေ့) | ၁၀၅ | - | ၁၀၅ | ၆၇ | - | ၆၇ | ၁၁၇ | - | ၁၁၇ | ၂၄ | - | ၂၄ | - | |
| ၉ | ပဲခူး(နောက်) | ၁၅၉ | - | ၁၅၉ | ၄၀ | ၇ | ၄၇ | ၂၃ | - | ၂၃ | ၁၁ | - | ၁၁ | - | |
| ၁၀ | မကွေး | ၅၇ | - | ၅၇ | ၃၀ | - | ၃၀ | ၁၃ | - | ၁၃ | - | - | - | - | |
| ၁၁ | မန္တလေး | ၁၇၇ | ၈ | ၁၈၅ | ၁၉၅ | ၇၅ | ၂၇၀ | ၁၁၀ | - | ၁၁၀ | ၃၀ | ၂ | ၃၂ | ၃ | |
| ၁၂ | မွန် | ၄၇ | - | ၄၇ | ၁၁၅ | ၇၅ | ၁၉၀ | ၁၅၂ | - | ၁၅၂ | ၃၂ | - | ၃၂ | - | |
| ၁၃ | ရခိုင် | ၈၉ | ၁ | ၉၀ | ၁၆၆၈ | ၁၃၁၈ | ၂၉၈၆ | ၂၆ | - | ၂၆ | ၁ | - | ၁ | - | |
| ၁၄ | ရန်ကုန် | ၃၄၁ | ၂၉ | ၃၇၀ | ၁၅၁ | ၇၆ | ၂၂၇ | ၂၇၃ | - | ၂၇၃ | ၁၂၈ | - | ၁၂၈ | ၇ | |
| ၁၅ | ရှမ်း(တောင်) | ၂၁၇ | - | ၂၁၇ | ၃၁ | ၃ | ၃၄ | ၃၈ | ၁ | ၃၉ | ၁၈ | - | ၁၈ | - | |
| ၁၆ | ရှမ်း(မြောက်) | ၂၃၄ | - | ၂၃၄ | ၂၃ | ၁၁ | ၃၄ | ၄၈ | - | ၄၈ | ၄၆ | - | ၄၆ | - | |
| ၁၇ | ရှမ်း(ရှေ့) | ၅၄၇ | - | ၅၄၇ | ၅ | - | ၅ | ၂ | - | ၂ | ၉ | ၁ | ၁၀ | ၂၅ | |
| ၁၈ | ဧရာဝတီ | ၆၆၉ | ၃ | ၆၇၂ | ၁၀၆ | ၄၂ | ၁၄၈ | ၄၉ | - | ၄၉ | ၂၉ | - | ၂၉ | - | |
| | စုစုပေါင်း | ၇၈၉၂ | ၈၇ | ၇၉၇၉ | ၂၇၃၀ | ၁၇၀၃ | ၄၄၃၃ | ၁၀၀၀ | ၂၀ | ၁၀၂၀ | ၄၁၆ | ၃ | ၄၁၉ | ၇၂ | |

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဘာသာရေးအဆောက်အအုံများစာရင်း(၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ)

ခင်ဗျားရဲ့ လူသားချင်းစာနာမှုဆိုတဲ့ မျက်နှာဖုံးဟာ ခင်ဗျားရဲ့ နောက်ဆုံးတောင်းဆိုချက်မှာ လုံးဝကွာကျသွားပါတယ်။ ခင်ဗျားက မြန်မာ့တပ်မတော်အတွက် လေယာဉ်ဆီထောက်ပံ့နေမှုတွေကို ပစ်မှတ်ထားအရေးယူပိတ်ဆို့ရမယ်လို့ တောင်းဆိုခဲ့တယ်နော်။ ဒါဟာ လူသားချင်းစာနာထောက်ထားမှုတောင်းဆိုချက် မဟုတ်ပါဘူး။ ဒါဟာ စစ်ရေးတောင်းဆိုချက် (Military Demand) ဖြစ်ပါတယ်။

ခင်ဗျားရဲ့ ရည်ရွယ်ချက်အမှန်က အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းနေတဲ့ မြန်မာ့တပ်မတော်လေကြောင်းစွမ်းရည်ကို ပျက်ပြားစေလိုပြီး အကြမ်းဖက်တွေကို အကာအကွယ်ပေးလိုတာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ခင်ဗျားက ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီ တိုက်ရိုက်စီးဆင်းစေမယ့်အကူအညီဆိုပြီးကို တောင်းဆိုခဲ့တယ်။ ဒါဟာ တရားဝင်အစိုးရကိုကျော်ပြီး NUG၊ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေကို တရားမဝင်ငွေကြေးနဲ့ ထောက်ပံ့ရေး ပစ္စည်းတွေပေးပို့ဖို့ကြိုးစားနေတာဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖော်ထုတ်လိုက်တာပါပဲ။

**ခင်ဗျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင်ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဗျားနဲ့ခင်ဗျားတို့လို အနောက်အုပ်စုလက်ဝေခံမီဒီယာတွေ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်းကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ဆန္ဒအမှန်က ခင်ဗျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေ မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့စွက်ဖက်မှုတွေ မဟုတ်ပါဘူး။**

**ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတားမိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်းသာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာဖြစ်ပါတယ်။**

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့လုပ်ရပ်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တာ၊ ဘာသာရေးကိုခုတုံးလုပ်ပြီး နိုင်ငံရေးပဋိပက္ခကို မီးထိုးပေးတာ၊ အကြမ်းဖက်အဖွဲ့တွေကို သွယ်ဝိုက်ထောက်ခံအားပေးတာတွေသာ ဖြစ်နေတဲ့အတွက် ဒါဟာ CSW အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပေးလိုပါတယ်။

ခင်ဗျားရဲ့လုပ်ရပ်တွေကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ခင်ဗျားကိုအကြမ်းဖက်အားပေးသူတစ်ဦးအဖြစ်သာ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် မမှန်မကန်စွပ်စွဲပြောဆိုမှုတွေကို ရပ်တန်းကရပ်ဖို့၊ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုနေမှုတွေကို ရပ်တန့်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့ ကျွန်တော်တို့ သာမန်ပြည်သူတွေက တောင်းဆိုလိုက်ပါတယ်။ “မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေသည့် မည်သည့်လုပ်ရပ်ကိုမဆို တုံ့ပြန်ရန် ဥပဒေအရ အခွင့်အာဏာအပြည့်အဝရှိသည်” ဆိုတဲ့အကြောင်းကိုလည်း ခင်ဗျားနဲ့တကွ နိုင်ငံတကာကသိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် အသိပေးလိုက်ရပါတယ်။ ။

**(ဤဆောင်းပါးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူတစ်ဦး၏ အာဘော်သာဖြစ်ပြီး ဘာသာရေးနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။)**

# ကျုံပျော်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများ မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေး One Stop Service ဖြင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကဖွဲ့စည်းထားသည့် ငါးဦးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်း အသက်ပြည့်မီပြီး နိုင်ငံသားကတ်မရရှိသူများ မကျန်ရှိစေရေးနှင့် မှားယွင်းမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို ကာယကံရှင်ပြည်သူများ ထံပေးအပ်ပြီး ပါဝင်ကူညီဆောင်ရွက်သည့် ဌာနဆိုင်ရာများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများကို Bio-graphic၊ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ")တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူ ဦးရေ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရ



နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန် ပညာရေးတက္ကသိုလ်သည် မြန်မာ့ပညာရေးကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုနိုင်မည့် ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးနေသော ဦးဆောင်ပညာရေးတက္ကသိုလ် တစ်ခုဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူ ဦးရေ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရကြောင်း သိရသည်။


ရန်ကုန် ပညာရေးတက္ကသိုလ်သည် အခြေခံပညာ၏ Grade-10၊ Grade-11 နှင့် Grade-12 သင်ရိုးများနှင့် ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု၊ ပညာရေးစိတ်ပညာ၊ သင်ပြနည်းနှင့် သင်ရိုးညွှန်းတမ်း၊ ကာယနှင့် ကျောင်းကျန်းမာရေးစသည့် ပညာရေးဘာသာရပ်များ ပေါင်းစပ်ပြီး ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဘဝတွင် အမှန်တကယ်ပြန်လည်အသုံးချနိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သော ဆရာ၊ ဆရာမကောင်းများဖြစ်လာစေရန် ကမ္ဘာသုံး၊ အတန်းတွင်းသုံး အကဲဖြတ်စစ်ဆေးနည်းစနစ် များစွာဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို နှစ်စဉ်စစ်ဆေးခြင်း၊ လက်တွေ့နှင့် တန်းပြဆင်းစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနည်းစနစ်များတွင် ကျောင်းသားဗဟိုပြုနည်းလမ်း (Student-centered Approach)၊ ကျောင်းသားအချင်းချင်း အဖွဲ့လိုက်ဆွေးနွေးခြင်း (Group Discussion)၊ အချင်းချင်း အကဲဖြတ်စစ်ဆေးခြင်း (Peer Assessment)နှင့် စာကြည့်တိုက်အခြေပြုပရောဂျက် (Library-Based Project)တို့ဖြင့် သင်ကြား၊ သင်ယူမှုပြုလုပ်လျက်ရှိရာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နိုဝင်ဘာ ၁၇ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံလျက်ရှိပြီး သင်တန်းအသီးသီးကို နိုဝင်ဘာ ၂၄ ရက်မှစ၍ စတင်ဖွင့်လှစ်သင်ကြားခြင်း၊ စာကြည့်တိုက်မိတ်ဆက်ခြင်း (Library Orientation)ကိုလည်း ပထမနှစ်ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်ပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

### ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

☆ **KK Park နယ်မြေအတွင်းမှ**

Online လိမ်လည်မှုများနှင့် Online လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အထက်ပါနယ်မြေများရှိ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း သုံးပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်သည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃) နယ်မြေအတွင်း Online လိမ်လည်မှုများနှင့်Online လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာ အလုံး ၁၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းအပြင် တရားမဝင်အဆောက်အအုံ ကိုးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း သုံးပိုင်းတွင် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၃၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။


တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် နှစ်ထပ်တိုက်တန်းလျားများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။


KK Part အပိုင်း(၃) အဆောက်အအုံအတွင်းမှ ကွန်ပျူတာ အလုံး ၁၀၀ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။


လူနေအဆောက်အအုံ ငါးထပ်တိုက်အား တွေ့ရစဉ်။


လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။


လူနေအဆောက်အအုံငါးထပ်တိုက်အား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။


လူနေအဆောက်အအုံ ငါးထပ်တိုက်အား တွေ့ရစဉ်။


လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။


လူနေအဆောက်အအုံ ငါးထပ်တိုက်အား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။


KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံအား တွေ့ရစဉ်။


KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများမှ အိပ်ရာသုံးပစ္စည်းများ စုပုံမီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၁၂ ထပ် အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ ၁၆ လုံး၊နှစ်ထပ်အဆောက်အအုံ ၁၂ လုံးနှင့် တစ်ထပ်အဆောက်အအုံနှစ်လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိသည့်အပြင် Online လိမ်လည်မှု လုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကိုလည်း တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် Onlineလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း အလုံး၂၁၇၅၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ဦးရေ၂၀၀ကို စစ်ဆေးနိုင်ခဲ့ပြီး ယနေ့တွင် တရားမဝင်

**စာမျက်နှာ ၂၅ သို့**

❑ **နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ**

အဆိုပါရပ်ကွက်နေ ဆန်းလင်း(ခ) ဒေါက်ဆန်း ၆၀ နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားသည့် လှုံ့ဆော်စာများနှင့်ခတ်ပုံများအား Tiktok လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဆန်းလင်း(ခ) ဒေါက်ဆန်းအား နိုဝင်ဘာ ၁၇ ရက်တွင် ရွှေဘိုမြို့မရဲစခန်းက(ပ) ၃၃၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် သီရိလမ်း ကမော့ကစင်ရွာသစ်ဘုန်းကြီးကျောင်း မုခ်ဦးအနီး စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခြင်းခံထားရကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခဲ့သည့် အမှတ်(၉)ရပ်ကွက်နေ ထက်နေလင်း ၂၇ နှစ်အားဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ထက်နေလင်းအား ဘားအံမြို့မရဲစခန်းက (ပ)၁၃၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၃/ခ)ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း ၅၄ နှစ်သည် ၎င်းအသုံးပြုသည့် " Cho Cho Win" Facebook account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေခဲ့သဖြင့် ချိုချိုဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်းက(ပ)၃၂၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၁ ရက် ည ၁၀ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သောင်းနှင့်အဖွဲ့သည် အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်ရေး မဲစာရင်းများကို ကြေညာထားရှိကြောင်း ရပ်ကွက်အတွင်း လှည့်လည်အသိပေးနှိုးဆော်နေစဉ် အဆိုပါရပ်ကွက်နေ နေမျိုးအောင် ၄၉ နှစ်ကနှောင့်ယှက်ဟန့်တားကာ ဆဲဆိုခဲ့သဖြင့် နေမျိုးအောင်အား နိုဝင်ဘာ ၂၂ ရက်တွင် လှော်ကားနယ်မြေရဲစခန်းက(ပ)၂၇၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ၂၃(က)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ်(၈)ရပ်ကွက် ကျိုက်ပွန်စေတီတော်မုခ်ဦးအနီး ပဲခူး-ရန်ကုန်ကားလမ်းမကြီးဘေး၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်ကို အမျိုးသား နှစ်ဦးက တွန်းလှဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်ကို ဖျက်ဆီးသွားသူများဖြစ်ကြသည့် ဥဿာမြို့သစ်(၇)ရပ်ကွက်နေသူများဖြစ်သော ဦးပြား ၄၆ နှစ်နှင့် ဦးကျော်ငွေဇင် ၃၈ နှစ်တို့ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်းက (ပ)၁၉၆/၂၀၂၅၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ထားဝယ်-မြိတ်ကားလမ်းပေါ်၌ ကျော်ကျော်(ခ)ညီညီ ၃၁ နှစ် ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများက "ရွေးကောက်ပွဲကို ဆန့်ကျင်ကြ"ဆိုသည့် စာသားများရေးသားခဲ့သဖြင့် ကျော်ကျော်(ခ)ညီညီဦးဆောင်သည့် အကြမ်းဖက်သမားများကို နိုဝင်ဘာ ၁၈ ရက်တွင် သရက်ချောင်း မြို့မရဲစခန်းက (ပ)၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/ ၂၃(ခ)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဦးဇော်ဝေ ၅၀ နှစ်သည် ၎င်းအသုံးပြုသည့် Zaw Wai Facebook Account ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများအား အသုံးပြုကာ ပြည်ခိုင်ဖြိုးပါတီအား အများပြည်သူအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာပေါ်၌ မဟုတ်မမှန်ရေးသားလွှင့်တင်ခဲ့သဖြင့် ဇော်ဝေအား နိုဝင်ဘာ ၁၇ ရက်တွင် တွံတေးမြို့မရဲစခန်းက (ပ)၂၀၈/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် အတွင်းရှိ မဲတောကျေးရွာ၊ အုတ်ဖိုမော်ကျေးရွာ၊ စန္ဒားငယ်ကျေးရွာ၊ ချောင်းကြီးဝကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များထံသို့ သိန်းဇော်မင်း ၅၀ နှစ် ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့အင်အားဦးရေ ၅၀ ခန့်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ရေးသားထားသည့် ခြိမ်းခြောက်စာများ ပေးပို့ခဲ့သဖြင့် သိန်းဇော်မင်းပါ PDF အမည်ခံအကြမ်းဖက်သမား ဦးရေ ၅၀ အား နိုဝင်ဘာ ၁၉ ရက်တွင် ကံမော်နယ်မြေရဲစခန်းက(ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)/ ၂၄(ခ)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အောင်မေတ္တာလမ်းနှင့် လှိုင်ဘူတာရုံလမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ရှေ့ဆောင်ပါတီ ''PPP''ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်ကို ဆုတ်ဖြဲဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၁၇ ရက်တွင် လှိုင်မြို့မရဲစခန်းက(ပ)၂၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမှတ်(၃) ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီကော်မတီဝင် ဒေါ်ခက်ခက်ကို ၅၃ နှစ်သည် မြဝတီမြို့အတွင်း စိုက်ထူထားသည့် ပါတီအောင်နိုင်ရေး မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်များအား လိုက်လံကြည့်ရှုခဲ့ရာ အမှတ်(၄) ရပ်ကွက် အဓိဋ္ဌာန်အောင်ဘုရားပတ်လမ်းနှင့်တောင်တန်းလမ်းထောင့်၌ စိုက်ထူထားသည့် မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်မှာ ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင်မြဝတီမြို့မရဲစခန်းက (ပ)၂၆၇/၂၀၂၅ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် ၇၆ လမ်း၊ ၁ လမ်းနှင့် ၂ လမ်းကြား၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးထားသည်ကိုတွေ့ရှိရသဖြင့် ဆုတ်ဖြဲဖျက်ဆီးသူ(စုံစမ်းဆဲ)အား အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းက(ပ)၉၅/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက် ဝေဟင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် မီးရှို့ဖျက်ဆီးသူ(စိစစ်ဆဲ)အား ဝေဘာဂီနယ်မြေရဲစခန်းက(ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ဘုတ်ခြံကျေးရွာ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်ကို ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာ ၂၁ ရက်တွင်ပုလောမြို့မရဲစခန်းက (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြိုးချောင်းကျေးရွာ ဘုရားဝင်းအတွင်းရှိ သစ်ပင်များ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် လှုံ့ဆော်စာများကပ်ထားသည်ကို တွေ့ရှိရသဖြင့် လှုံ့ဆော်စာများကပ်ခဲ့သူ(စိစစ်ဆဲ)အား တောင်ငူမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက(ပ)၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၃(ခ)ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(က)ရပ်ကွက်နေ ဇေယျာမင်းထက်သည် ၎င်းအသုံးပြုသည့် Zay Yar Min Htet Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် စာများအား ထပ်ဆင့်လွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ဇေယျာမင်းထက်အား သုဝဏ္ဏနယ်မြေရဲစခန်းက(ပ)၂၂၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၃ ရက်တွင် "လူထုသတင်းစာတိုက်" Facebook Account မှ ပြင်ဦးလွင်မြို့နယ်၌ ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးဟောပြောနေသည့် မှတ်တမ်းဓာတ်ပုံများအသုံးပြု၍ ပြည်ခိုင်ဖြိုးပါတီအား အများပြည်သူအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသည့်စာသားများကို လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားဖြန့်ဝေခဲ့သဖြင့် "လူထုသတင်းစာတိုက်" Facebook Account ပိုင်ရှင်(စိစစ်ဆဲ)အား ပြင်ဦးလွင်မြို့မရဲစခန်းက(ပ)၂၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

**စာမျက်နှာ ၂၄ မှအဆက်**

ပြည်ပနိုင်ငံသား ၅၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသူများကိုလည်း အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေးစစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



KK Park အတွင်း ယန္တရားဖြင့်ဖြိုဖျက်မည့် နှစ်ထပ်လူနေအဆောက်အအုံများ ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

# တရားစွဲဆိုပုံနည်းလမ်း

## စိန်လှိုင်ဗိုလ်

တရားလိုက တရားပြိုင်ထံမှ မြေနှင့်အိမ်ကို ကတိစာချုပ်အရ ဝယ်ယူခဲ့သည်။ တရားပြိုင်မှာ ပြောင်းရွှေ့ပေးရန် အခက်အခဲရှိ၍ ဝယ်ယူသူ တရားလိုထံမှ မြေနှင့်အိမ်ကို အငှားစာချုပ်ချုပ်ဆို၍ ဆက်လက်နေထိုင်သည်။ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပြီးနောက် တရားပြိုင်က ဖယ်ရှားမပေးသဖြင့် တရားလိုက မြေနှင့်အိမ်လက်ရောက်ရလိုမှု စွဲဆိုသည်။ မြေနှင့်အိမ်ငှားရမ်းခြင်း စာချုပ်ရှိနေသဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရသာ တရားစွဲဆိုရမည်ဆိုခြင်းမှာ မှန်ကန်ခြင်းရှိ၊ မရှိအငြင်းပွားမှု ပေါ်ပေါက်ခဲ့သဖြင့် အထူးအယူခံခုံရုံးထိ တက်ရောက်ခဲ့ပြီး စီရင်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၇၄) တွင် ဦးစိုးတင့်က ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းရီမှတစ်ဆင့် ဦးရဲလင်းအပေါ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-(၃၉၁၇/၂၀၀၁) အရ ဝယ်ယူပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံကို လက်ရောက်လွှဲပြောင်းပေးအပ်စေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရရှိသည်။

တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးရဲလင်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ၂၀၁၄ ခုနှစ် တရားမပထမအယူခံမှုအမှတ်(၁၂၉) ဖြင့် အယူခံဝင်ရောက်ရာ မအောင်မြင်ခဲ့ပါ။ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကို ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရပြန်လည်စစ်ဆေးစီရင်ရန် ဦးရဲလင်းက လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက အောက်ပါပြဿနာအပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။


"အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဝယ်ယူပိုင်ဆိုင်ခဲ့သည့် လျှောက်ထားခံရသူက လျှောက်ထားသူကို အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ခွင့်ပြုခဲ့ပြီးဖြစ်သည့်အခြေအနေတွင် လျှောက်ထားသူကို ဖယ်ရှားထွက်ခွာစေပြီး ဥပစာကို လက်ရောက်ပြန်လည်ရရှိရန်အတွက် ၁၉၆၀ ပြည့်နှစ် မြို့ပြငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တရားစွဲဆိုခြင်းမပြုဘဲ **ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဥပစာကိုလက်ရောက်ပြန်လည်ရရှိရန် တရားစွဲဆိုခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းရှိ၊ မရှိ"**

**အမှုဖြစ်စဉ်အကျဉ်း**

အဆိုလွှာအရ မူလရုံးတရားပြိုင်သည် တရားလိုထံမှ ကုန်ပစ္စည်းများကို အကြွေးစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကျပ် ၃၂ သိန်းပေးရန်ရှိကြောင်း၊ တရားပြိုင်က တရားလို၏ငွေကို ပြန်လည်ပေးဆပ်ရန်နှင့် ၎င်းက ဂရင်းမြန်မာမြေနှင့် အိမ်ပေါင်နှံချေးယူထားသည့်ကြွေးမြီကို ရှင်းလင်းရန် ၎င်းပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(-၁၆/၂) မြေကွက်အမှတ် ၁၃/(ခ) မြေအကျယ်အဝန်း(ပေ၂၀ x ပေ ၆၀)ရှိ နှစ် ၆၀ ဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ် ၁၃(ခ) ရတနာလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံကို ငွေကျပ်သိန်း ၁၀၀ ဖြင့် အရောင်းအဝယ်ပြုရန် ကမ်းလှမ်းခဲ့သည်။

တရားလိုက သဘောတူပြီး အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်ကို ၂၀၀၁ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ချုပ်ဆိုခဲ့ကြကြောင်း၊ ထို့ကြောင့် တရားလိုက ဂရင်းမြန်မာမှ တရားပြိုင်ချေးယူသည့် အတိုးအရင်းငွေစုစုပေါင်း ၄၈၂၂၅၀၀ ကျပ်ကို စိုက်ထုတ်ပေးချေ၍ ဂရန်နှင့်စာချုပ်စာတမ်းများကို ရွေးနုတ်ပေးခဲ့ကြောင်း၊ ထို့ပြင် ငွေသား ၆၇၅၀၀ ကျပ်ကိုလည်း တရားပြိုင်သို့ပေးအပ်ရာ တရားပြိုင်က ဂရန်မူရင်းနှင့်စာချုပ်စာတမ်းများကို တရားလိုသို့ပေးအပ်ခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် တရားလိုက ကျန်ငွေကျပ်သိန်း ၂၀ ပေးချေသည့်အခါ တရားပြိုင်မှာ အချင်းဖြစ်နေအိမ်မှ ပြောင်းရွှေ့ရန် အခက်အခဲရှိ၍ အချင်းဖြစ်အိမ်ကို တစ်နှစ်ငှားရမ်းသည့် ငှားရမ်းစာချုပ်ချုပ်ဆိုပေးခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် တရားလိုတရားပြိုင်တို့သည် အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-(၃၉၁၇/၂၀၀၁) ကို ချုပ်ဆိုကြောင်း၊ တစ်နှစ်ကာလကုန်ဆုံးသည့်အခါ တရားပြိုင်က အချင်းဖြစ်မြေနှင့် အဆောက်အအုံကို လက်ရောက်ပေးအပ်ခြင်းမရှိ



သဖြင့် တရားစွဲဆိုရကြောင်း ဖော်ပြအဆိုပြုခဲ့သည်။

**တိုင်းတရားရုံးက** တရားလို ဦးစိုးတင့်သည် ဦးရဲလင်းကို ငွေကျပ် ၃၂ သိန်း ပေးခဲ့ကြောင်း၊ တရားပြိုင်က ဂရင်းမြန်မာမှ ချေးယူထားသော အတိုးအရင်းပေါင်းငွေ ၄၈၂၂၅၀၀ ကျပ်နှင့် ငွေ ၆၇၅၀၀ ကျပ်တို့ကို တရားပြိုင်သို့တရားလိုက ပေးအပ်ခဲ့ကြောင်း၊ တရားလိုက ငွေကျပ်သိန်း ၂၀ ပေးအပ်သည့်နေ့တွင် အိမ်နှင့်မြေကို တရားပြိုင်က တရားလိုသို့ လက်ရောက်ပေးအပ်ခြင်းမရှိကြောင်း၊ **၂၀၀၁ခုနှစ်၊ ဩဂုတ် ၃၁ ရက်တွင် ငှားရမ်းစာချုပ်ချုပ်ဆိုပေးသော်လည်း အိမ်ငှားအဖြစ်လွှဲပြောင်းရရှိသည်ဟု မဆိုနိုင်ကြောင်း၊** ၂၀၀၁ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၉၁၇/၂၀၀၁)သည် အချင်းဖြစ်မြေနှင့်အိမ်ကို တရားလိုနှင့်တရားပြိုင်တို့ အရောင်းအဝယ်ပြုလုပ်ခြင်းမှာ မှန်ကန်ကြောင်း၊ ၎င်းစာချုပ်သည် ဟန်ဆောင်စာချုပ်မဟုတ်ကြောင်း စသည်ဖြင့်သုံးသပ်လျက် တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်ကို အထူးအယူခံခုံရုံးက ဖော်ထုတ်စိစစ်ခဲ့သည်။

**တရားရုံးချုပ်က** သက်သေခံအမှတ် (ခ) ကတိစာချုပ်ပါ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးဖော်ပြချက်များအရ အချင်းဖြစ်မြေနှင့်အိမ်ကို အမှန်တကယ် အရောင်းအဝယ်ပြုလုပ်ရန် ရည်ရွယ်ရင်းရှိကြောင်း၊ သို့ဖြစ်၍ ၎င်းစာချုပ်သည်လည်းကောင်း၊ ၎င်းကတိစာချုပ်ပါ သဘောတူညီချက်အပိုဒ် (၅) အရ ချုပ်ဆိုသည့် အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၃၉၁၇/၂၀၀၁) သည်လည်းကောင်း၊ အမှန်တကယ်ချုပ်ဆိုသော စာချုပ်များဖြစ်၍ ဟန်ဆောင်ချုပ်ဆိုသည့် စာချုပ်များမဟုတ်သည်မှာ ထင်ရှားကြောင်း၊ သက်သေခံအမှတ်(ခ) ကတိစာချုပ်တွင် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးကို အမှန်အတိုင်းဖော်ပြ၍ ၎င်းတန်ဖိုးငွေကို အမှန်တကယ်ပေးချေခဲ့ကြောင်း၊ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရာတွင် တန်ဖိုးငွေကျပ် ၁၂ သိန်းဟု ဖော်ပြထားသော်လည်း စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက စိစစ်ပြီးနောက် တန်ဖိုးငွေကျပ် ၁၆ သိန်းဟု တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၎င်းစာချုပ်သည် ပျက်ပြယ်ရန်အကြောင်းမရှိဟု သုံးသပ်ကာ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့ခြင်းကိုလည်း အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံး ဖြတ်ချက်**

မူလရုံးအမှုတွဲကို စိစစ်ရာတွင် တရားပြိုင် ဦးရဲလင်းအပေါ် အိမ်နှင့်မြေအရောင်းအဝယ်ပြုလုပ်ရန် ကတိစာချုပ် သက်သေခံ(ခ)နှင့် အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် သက်သေခံ(ဃ)တို့အပေါ် အခြေခံ၍ မြေနှင့်အဆောက်အအုံကို လွှဲပြောင်းပေးအပ်စေလိုမှု စွဲဆိုခြင်းဖြစ်သည်။ အရောင်းအဝယ်စာချုပ်တွင် ရောင်းသူက ဝယ်သူထံမှ ငွေကျပ် ၃၂ သိန်းလက်ခံရရှိကြောင်း၊ ရောင်းသူချေးယူငွေ အတိုးအရင်းနှစ်ရပ်ပေါင်း ငွေကျပ် ၄၈၉၀၀၀၀ ကို တရားလိုက ပေးချေ၍ ဂရန်နှင့်စာချုပ်စာတမ်းများ ရွေးယူပြီး ၎င်းငွေကို စရန်ငွေအဖြစ်သတ်မှတ်ရန်နှင့် ရောင်းသူအား ကျန်ငွေကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးချေသည့်အခါ မြေနှင့်အဆောက်အအုံကို တရားလိုသို့ လက်ရောက်ပေးအပ်ရန် စသည်တို့ကို ဖော်ပြချုပ်ဆိုထားကြောင်း၊ ၎င်းစာချုပ်အရ ၂၀၀၁ခုနှစ်၊ ဩဂုတ် ၂၇ ရက်တွင် နောက်လူပေါင်နှံခဲ့သည့်ငွေများကို တရားလိုက စိုက်ထုတ်၍ မြေနှင့်အိမ်တို့ကို ရွေးယူပြီး၎င်းစိုက်ထုတ်ငွေကို တရားပြိုင် က စရံငွေအဖြစ် လက်ခံရရှိကြောင်း သဘောတူ လက်မှတ်ရေးထိုးပြီး **ဂရန်မူရင်း၊ စာချုပ်စာတမ်းမူရင်းများကို တရားလိုထံတရားပြိုင်က ပေးအပ်ခဲ့သည်။**

ဤတရားမအယူခံတွင်၂၀၀၁ခုနှစ် ဩဂုတ် ၃၁ ရက်စွဲပါ ငှားရမ်းခြင်းကတိစာချုပ် သက်သေခံ (င) ကို အကြောင်းပြု၍ အိမ်ငှားအဖြစ်ဆက်လက်နေထိုင်သူ မူလရုံးတရားပြိုင်ကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ နှင်လိုမှုမစွဲဘဲ ပိုင်ဆိုင်ခွင့်ရ ဥပစာလက်ရောက်ရလိုကြောင်း တရားစွဲဆိုခြင်းသည် မှန်ကန်ခြင်းရှိ၊ မရှိ အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

မူလရုံး တရားလို၊ တရားပြိုင်တို့သည် ရှေးဦးစွာ အိမ်မြေအရောင်းအဝယ်ကတိစာချုပ် သက်သေခံ(ခ) ကို ချုပ်ဆိုပြီးနောက် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်မချုပ်ဆိုမီ ၂၀၀၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ငှားရမ်းခြင်း ကတိစာချုပ်ချုပ်ဆိုသည့်အချက်မှာ အမှုတွင် ပေါ်ပေါက်နေကြောင်း၊ ၎င်းသို့ ငှားရမ်းသည်ဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ မူလရုံးတရားလိုက အဆိုလွှာ အပိုဒ် (၄) ၌ အောက်ပါအတိုင်းပါရှိသည်။

အပိုဒ်(၄)။ မူလသဘောတူညီချက်အရ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်သည့်နေ့တွင် ကျန်ငွေပေးချေ၍ ၎င်းနေ့တွင် မြေနှင့်အဆောက်အအုံကို လက်ရောက်ပေးအပ်ရန်ဖြစ်သော်လည်း တရားပြိုင်၏ တောင်းဆိုချက်အရ မှတ်ပုံတင်စာချုပ်မချုပ်မီ ၂၀၀၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် တရားလိုက ကျန်ငွေကျပ်သိန်း ၂၀ တိတိပေးချေခဲ့ရပြီး အိမ်နှင့်မြေကို လက်ရောက်အပ်သည့်အနေနှင့် စာရေးသားချုပ်ဆို၍ တရားပြိုင်လက်ရှိ ဖွင့်လှစ်ရောင်းချနေသော ထိုအိမ်ရှိ လက်ဖက်ရည်ဆိုင်ကို ပြောင်းရွှေ့ရန် အခက်အခဲရှိသဖြင့် ဆိုင်ခန်းသစ်မရမီ ဆက်လက်ရောင်းချလုပ်ကိုင်ခွင့်ပြုရန် အများဆုံးတစ်နှစ်သာ သုံးခွင့်ပြုပါရန် မေတ္တာရပ်ခံချက်အရ တရားလိုက တရားပြိုင်ကို ငှားရမ်းစာချုပ် ချုပ်ဆိုပေးခဲ့သည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် မူလရုံးတရားလို တရားပြိုင်တို့သည် အိမ်ရှင်၊ အိမ်ငှား ဆက်သွယ်မှုမရှိသည့်အပြင် မူလရုံးတရားပြိုင်အနေဖြင့် ၎င်းနှင့် တရားလိုတို့မှာ အိမ်ရှင်၊ အိမ်ငှားများဖြစ်ကြ၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေအရ တရားစွဲဆိုရမည်ဟု ခုခံချေပထားခြင်းမရှိကြောင်း၊ အိမ်ရှင်၊ အိမ်ငှားပြဿနာပေါ်ပေါက်ခြင်းမရှိသဖြင့် ၎င်းကိစ္စအတွက် ငြင်းချက်မထွက်သည့်အပြင် မူလရုံးနှင့် အယူခံရုံးတို့ကလည်း ၎င်းကိစ္စအပေါ် ဖော်ထုတ်ဆုံးဖြတ်ထားခြင်းမရှိကြောင်း အထူးအယူခံ ခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

မူလရုံးတရားလို ဦးစိုးတင့်သည် ဦးရဲလင်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် အချင်းဖြစ် ဥပစာကို ဝယ်ယူချိန်တွင် ၎င်းဥပစာကို လက်ရောက်မရရှိသေးသောကြောင့် ၎င်းဥပစာ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းလက်ခံရရှိခဲ့ခြင်းမရှိသေးချေ။ ၎င်းသို့ အကျိုးခံစားခွင့်လွှဲပြောင်းလက်ခံရရှိခြင်း မရှိသဖြင့် ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုသော်လည်း ဦးစိုးတင့်တွင် အငှားချထားနိုင်သည့် အခွင့်အရေးမရှိကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

**မူလရုံးတရားလို တရားပြိုင်တို့ အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် မချုပ်ဆိုမီ ငှားရမ်းခြင်းစာချုပ် ချုပ်ဆိုချိန်တွင် မူလရုံးတရားပြိုင် ဦးရဲလင်းသည် ဥပဒေသဘောအရ အချင်းဖြစ်ဥပစာတွင် ပိုင်ရှင်တစ်ယောက်အဖြစ် ဆက်လက်နေထိုင်ခြင်းဖြစ်ရာ ၎င်းကို ငှားရမ်းနေထိုင်သူအဖြစ် ကောက်ယူ၍ ရနိုင်မည်မဟုတ်ချေ။** သို့ဖြစ်၍ မူလရုံးတရားလို ဦးစိုးတင့်နှင့် တရားပြိုင် ဦးရဲလင်းတို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုမရှိသည့် အလျောက် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေနှင့် အကျုံးဝင်သက်ဆိုင်ရန် အကြောင်းမရှိပေ။

မူလရုံးတရားလိုက ပိုင်ရေးဆိုင်ခွင့်ကိုအကြောင်းပြု၍ ဥပစာကို လက်ရောက်ရရန် တရားစွဲဆိုခြင်းမှာ မှားယွင်းခြင်းမရှိသည့်အလျောက် မူလရုံးနှင့် တရားရုံးချုပ်တို့က အိမ်မြေ မှတ်ပုံတင်အရောင်းစာချုပ်ကို အခြေပြု၍ စွဲဆိုရာတွင် တရားပြိုင်မှ တရားလိုသို့ အချင်းဖြစ်ဥပစာလက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခြင်းအပေါ် ၎င်းအထူးအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ရန် မသင့်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။ ထို့ကြောင့် အထူးအယူခံရုံးက ကြားနာသည့်ပြဿနာကို "၁၉၆၀ ပြည့်နှစ် မြို့ပြငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တရားစွဲဆိုခြင်းမပြုဘဲ **ပိုင်ရေးဆိုင်ခွင့်ကို အကြောင်းပြု၍ ဥပစာကို လက်ရောက်ပြန်လည်ရရှိရန် တရားစွဲဆိုခြင်းသည် ဥပဒေအရမှန်ကန်ကြောင်း** ဖြေဆိုလိုက်သည်။

**ဦးရဲလင်းနှင့်ဦးစိုးတင့် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဝင်းရီ) ၂၀၀၅ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် (၆၄)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၆၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၆၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ကုလားပဲကေ ၅၂၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၁၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဘုတလင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ကေ ၅၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်ရှိ ရွှေလှေရိုး - ကွမ်းခြံကုန်းကျေးရွာချင်းဆက် ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရွှေလှေရိုး - ကွမ်းခြံကုန်းကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် သက်ဆိုင်သူအားလုံး ဝိုင်းဝန်း ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကျိုက်လတ်မြို့နယ်၌ တစ်ဖက်လျှင် အရှည် ပေ ၇၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ရွှေလှေရိုး - ကွမ်းခြံကုန်းကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၂ ဒသမ ၄၃ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုလှိုင်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ
# (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဟာဝိုင်ရီပြည်နယ်ရှိ ကီလောင်အာမီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အန္တရာယ် အဝါရောင်အဆင့်အဖြစ်သတ်မှတ်



ဝါရှင်တန် နိုဝင်ဘာ ၂၅

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ကီလောင်အာမီးတောင်သည် နိုဝင်ဘာ ၂၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ပေါက်ကွဲမှု အန္တရာယ် အဝါရောင်အဆင့် သတ်မှတ်ကြောင်း U.S. Geological Survey (USGS) က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

ကီလောင်အာမီးတောင်သည် နိုဝင်ဘာ ၂၃ ရက်မှ စတင်၍ ပေါက်ကွဲတော့မည့်လက္ခဏာပြသခဲ့ပြီး နောက် ၂၄ နာရီအတွင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ဆာလဖာဒိုင်အောက်ဆိုက် ဓာတ်ငွေ့အပြင် အခြားအဆိပ်သင့်ဓာတ်ငွေ့များလည်း ပျံ့နှံ့နေသည့်အတွက် လေထုညစ်ညမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးတောင်အတွင်းမှ မီးခိုးငွေ့များသည် မီးတောင်အထက် ပေ ၁၅၀၀ ကျော်ထိ ရောက်ရှိပျံ့နှံ့နေကြောင်း U.S. Geological Survey (USGS) က ထုတ်ပြန်ခဲ့သည်။

"ကီလောင်အာမီးတောင် ပေါက်ကွဲမှုကြောင့် ချော်ရည်စီးကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ ချော်ရည်တွေက မီးတောင်ကနေ ၁၀ မိုင်အကွာခန့်ထိ ရောက်ရှိသွားနိုင်တဲ့အတွက် ကီလောင်အာမီးတောင် တည်ရှိရာ Volcanoes National Park အတွင်း ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်" ဟု U.S. Geological Survey (USGS) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂျာမနီနိုင်ငံတွင် နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် လူလေးဦးသေဆုံးကာ ခရီးသွားလာရေးများ အနှောင့်အယှက်ဖြစ်ပေါ်ခဲ့

ဘာလင် နိုဝင်ဘာ ၂၅

ဂျာမနီနိုင်ငံတွင် ဆောင်းရာသီ၏ ပထမဆုံး နှင်းမုန်တိုင်း ဝင်ရောက် တိုက်ခတ်ခဲ့မှုကြောင့် လူလေးဦးသေဆုံးကာ ခရီးသွားလာရေးများ အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဆောင်းရာသီ၏ ပထမဆုံး နှင်းမုန်တိုင်းသည် ဂျာမနီနိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်က စတင်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လူလေးဦးသေဆုံးကာ လူများစွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ နှင်းမုန်တိုင်းကြောင့် မြင်ကွင်းများ ဝေဝါးကာ လမ်းချော်မှုများကြောင့် မတော်တဆမှုများဖြစ်ပေါ်ခဲ့ကာ ခရီးသွားလာရေး အနှောင့်အယှက်များ ဖြစ်ပေါ်နေကြောင်း သိရသည်။

နှင်းမုန်တိုင်း တိုက်ခတ်စဉ် တောင်ပိုင်း ဘာဗေးရီးယားပြည်နယ်တွင် ထရပ်ကားနှစ်စီးနှင့် ကားတစ်စီး တိုက်မိမှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ တောင်ပိုင်း ဘာဒန်-ဝူတ်တမ်ဘာ့ဂ်ပြည်နယ်တွင်လည်း နှင်းများကြောင့် လမ်းချော်ကာ မတော်တဆမှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ထို့ပြင် အလယ်ပိုင်းဟက်ဆီပြည်နယ်တွင် နှင်းမုန်တိုင်း တိုက်ခတ်စဉ် မတော်တဆမှု ၃၀ ကျော် ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းများအရ သိရသည်။

ယာဉ်မတော်တဆမှုများကြောင့် လမ်းအသွားအလာများ ကမောက်ကမ ဖြစ်ပေါ်ခဲ့သည့်အပြင် မီးရထားခရီးစဉ် သွားလာမှုများလည်း အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တောင်ကိုရီးယားနိုင်ငံ ဂန်ဝမ်စီရင်စုတွင် တောမီးကူးစက်လောင်ကျွမ်းနေမှုကြောင့် ကိုရီးယားမီးသတ်တပ်ဖွဲ့က တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်

ဆိုးလ် နိုဝင်ဘာ ၂၅

တောင်ကိုရီးယားနိုင်ငံ ဂန်ဝမ်စီရင်စုတွင် နိုဝင်ဘာ ၂၃ ရက်မှ စတင်၍ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့် အတွက် ကိုရီးယားမီးသတ်တပ်ဖွဲ့(KFS)က တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု နိုဝင်ဘာ ၂၄ ရက် သတင်းများတွင် ဖော်ပြခဲ့ကြောင်းသိရသည်။

ပြီးခဲ့သော ရက်သတ္တပတ်က ယန်ယန်ဒေသတွင် တောမီးကူးစက်လောင်ကျွမ်းခဲ့ပြီးနောက် ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးသည် ယန်ယန်ဒေသမှ တစ်ဆင့် ဂန်ဝမ်စီရင်စုရှိ အနီးပတ်ဝန်းကျင် ဒေသများသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးကို အချိန်မီထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားကြောင်းသိရသည်။

အဆိုပါတောမီးကို ငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင် ၃၂၆ ဦးထိ အသုံးပြုထားပြီး တောမီးကိုအမြန်ဆုံး ထိန်းချုပ်နိုင်မည်ကို ယုံကြည်သည်ဟု ကိုရီးယားမီးသတ်တပ်ဖွဲ့ (KFS)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဂန်ဝမ်စီရင်စုမှာ တောမီးကူးစက်လောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကလဲ ယန်ယန်ဒေသမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ယန်ယန်ဒေသကနေ အနီးပတ်ဝန်းကျင်ဒေသတွေကို နိုဝင်ဘာ ၂၃ ရက်က စတင်ပြီးတော့ တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့ပြီး တောမီးအန္တရာယ် သတိပေးချက်လဲ ထုတ်ပြန်ထားပါတယ်။ ယန်ယန်ဒေသမှာလို ဖြစ်မှာစိုးရိမ်တဲ့အတွက် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ လေကြောင်းအကူအညီကိုပါ ရယူထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် ၃၂၆ ဦးထိ တောမီးငြိမ်းသတ်ဖို့ စေလွှတ်ပေးထားပါတယ်"ဟု ကိုရီးယားမီးသတ်တပ်ဖွဲ့(KFS)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ မြောက်ဘက်ပိုင်းတွင် အပူပိုင်းမုန်တိုင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုနှင့် လျှပ်စစ်မီးများပြတ်တောက်နေ

ကင်ဘာရာ နိုဝင်ဘာ ၂၅

ဩစတြေးလျနိုင်ငံ မြောက်ဘက်ပိုင်းနယ်မြေများတွင် နိုဝင်ဘာ ၂၃ ရက်က အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်ကြီးတချို့လဲကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ဓာတ်တိုင်တချို့လဲကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေကြောင်း ဩစတြေးလျအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းသည် ကနဦး ဒါဝင်ဒေသတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် မြောက်ဘက်ပိုင်းဒေသများသို့ နိုဝင်ဘာ ၂၃ ရက်မှ စတင်၍ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်တိုင်များလဲကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသော လူနေအိမ်ခြေ ၁၉၀၀၀ ကျော်ထိ ရှိနေကြောင်း၊ မြောက်ဘက်ပိုင်းဒေသများတွင် တိုက်ခတ်နေသည့် အပူပိုင်းမုန်တိုင်းသည် ပြီးခဲ့သောရက်ပိုင်းက ဒါဝင်ဒေသတွင် တိုက်ခတ်ခဲ့သော ဖီနာမုန်တိုင်း၏ နောက်ဆက်တွဲဖြစ်ပြီး မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၁၂၇ မိုင်နှုန်းထိ မြင့်တက်နေကြောင်း မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန BoM က ထုတ်ပြန်သွားခဲ့သည်။

"ဩစတြေးလျနိုင်ငံ မြောက်ဘက်ပိုင်းဒေသတွေမှာ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးတချို့လဲကျခဲ့ပြီးတော့ လမ်းပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေပါတယ်။ ဓာတ်တိုင်တချို့လဲကျမှုကြောင့်လဲ လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေပါတယ်။ ဓာတ်တိုင်တချို့လဲကျမှုကြောင့်လဲ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံ စုစုပေါင်း ၁၉၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ဩစတြေးလျအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၉၁ ဦးထိ မြင့်တက်လာပြီး ၁၁ ဦးကျော် ပျောက်ဆုံးနေဆဲဖြစ်

ဟနွိုင်း နိုဝင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူဦးရေသည် ယနေ့တွင် ၉၁ ဦးထိ မြင့်တက်လာပြီး ၁၁ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဗီယက်နမ်သဘာဝဘေး အန္တရာယ်နှင့် ရေကာတာစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် နိုင်ငံ၏ အလယ်ပိုင်းတစ်လျှောက် ပြေးဆွဲသည့် ရထားလမ်းကွန်ရက်မှ ခရီးသည်တင်ရထား ၃၃ စင်းကို ခေတ္တရပ်ဆိုင်းထားရပြီး အခြား ကုန်တင်ရထား များစွာလည်း ရပ်ဆိုင်းထားရဆဲ ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် နိုင်ငံ၏လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ရသဖြင့် စီးပွားရေးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ စီးပွားရေးဆုံးရှုံးမှုများသည် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ ရှိလာသည်ဟု စီးပွားရေးကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့် ဒေသများတွင် လမ်းပိတ်ဆို့မှုများအပြင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်များလည်း ကမောက်ကမဖြစ်နေကြောင်း၊ ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရပ်ဘက် ကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များက တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကူညီရေးဆောင်ရွက်လျက်ရှိပြီး နေထိုင်ရေး၊ အစားအစာ၊ ဆေးဝါးနှင့် အခြား ပံ့ပိုးမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အသက်မွေးဝမ်းကျောင်းပညာရရှိဖို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တက်ကြစို့



နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်တို့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတိုးတက်ရေးကိစ္စရပ်များသည် အပြန်အလှန်အားဖြင့် ဆက်စပ်နေသည်။ လုပ်ငန်းခွင်ဝင်ရာတွင် များစွာအထောက်အကူဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ လက်တွေ့ဘဝတွင် လိုအပ်ပေသည်။ နိုင်ငံတော်သည် ဆေးရုံ၊ ကျောင်း၊ လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်မှုနှင့်အတူ အခြေခံပညာရေးမှသည် အဆင့်မြင့်ပညာသင်ယူနိုင်ရေးနယ်ပယ်ထိ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပေသည်။ မြေပြင်တွင် အမှန်တကယ်လိုအပ်နေသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာ နားလည်တတ်ကျွမ်းသူများပေါ်ထွန်းလာရေး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်။

စက်မှုပညာ၊ စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာ လေ့ကျင့်သင်ကြားနိုင်ရန် အထက်တန်းကျောင်းများနှင့် တွဲဖက်ဖွင့်လှစ်သင်ကြားလျက်ရှိပေသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် ပေါ်ပေါက်လာသည့် အဆိုပါကျောင်းများတွင် ပညာသင်ကြားကြမည့်ကျောင်းသား၊ ကျောင်းသူများသည် စိတ်ပါဝင်စားရာ ဘာသာရပ်အလိုက် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာရပ်များကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ကျောင်းသားလူငယ်လူရွယ်များအနေဖြင့် ပညာရေးအုတ်မြစ်စိုက်ထူနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်သဖြင့် လက်လွှတ်မခံသင့်ဘဲ ပညာဥစ္စာရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။

ပညာဟူသည် ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်ပင်ဖြစ်သည်။ လူမှုနယ်ပယ်အတွင်း မှန်ကန်သောတွေးမြင်သုံးသပ်မှုသည် လိုအပ်ပေသည်။ လောကသဘာဝ၏အခြေအနေနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာအုတ်မြစ်ခိုင်မာတောင့်တင်းမှသာ ဘဝရပ်တည်မှုမှန်ကန်တည့်မတ်မည်ဖြစ်သည်။ ပညာရေးကိုအခြေခံသောလုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရလေ့ရှိသည်။ လဲပြိုမှုကို ထူမတ်နိုင်မည့် သိမြင်မှုဖြစ်သဖြင့် အကောင်းနှင့်အဆိုးကို ကောင်းစွာဝေဖန်နိုင်စေသည်။ အတန်းပညာ အဆင့်ဆင့်သင်ကြားခြင်းဖြင့် ကောင်းကျိုးဆိုးကျိုးများကို ဝေဖန်နိုင်စွမ်းပိုမိုကောင်းမွန်လာစေမည်။

ဘဝရပ်တည်ရေးအတွက် ပညာသင်ကြားရမည်ဖြစ်သည်။ ပညာရေးအဆင့်အတန်း မြင့်မားမှုအလိုက် ဘဝရပ်တည်ရေးအတွက် အရေးပါသည့် လုပ်ခ၊ လစာရရှိမှုမှာလည်း ကွာဟနေမည်ဖြစ်သည်။ ပညာအရင်းအနှီးဖြင့် ငွေရှာဖွေနိုင်သကဲ့သို့ အလုပ်ကောင်းကိုလည်း ရွေးချယ်နိုင်ပေသည်။ ပညာတတ်သူနှင့် ပညာမတတ်သူများ၏ဘဝကိုယှဉ်ကြည့်၍ သိနိုင်ပေသည်။ ခြွင်းချက်အားဖြင့် အချို့သောအောင်မြင်နေသူများသည် အတန်းပညာနှင့်ဝေးကွာခဲ့ရသော်လည်း စာဖတ်ကြသည်။ စာမျိုးစုံဖတ်၍ ဘဝအသိပညာတိုးအောင် ဆောင်ရွက်ကြသည်။ အခက်အခဲများ၏အဖြေများကို စာအုပ်ပုံကြားတွင် ရှာဖွေကြသည်။ သို့ဖြစ်၍ အတိုင်းအတာတစ်ခုထက် သာလွန်သော အောင်မြင်မှုကိုရရှိကြသည်။ အများအားဖြင့် ပညာတတ်သူနှင့် ပညာမတတ်သူ၏ စဉ်းစားဆုံးဖြတ်နိုင်စွမ်းအားသည် ကွာဟနိုင်ပေသည်။

နိုင်ငံတော်သည် အနာဂတ်မျိုးဆက်သစ်များ၏ ဘဝရှေ့ရေးကို ရည်မြော်တွေးလျက် အခြေခံပညာအထက်တန်း အောင်မြင်သူများအနေဖြင့် ဘာသာတွဲအလိုက် သတ်မှတ်အရည်အချင်းပြည့်မီစွာ အောင်မြင်ပါက မိမိဝါသနာရှိရာ သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ ပြဋ္ဌာန်းသတ်မှတ်ပေးလျက်ရှိပြီး ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးသို့ တက်ရောက်သင်ကြားနိုင်မည့် အခွင့်အလမ်းများ လမ်းဖွင့်ထားရှိပေသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် နိုင်ငံ၏စားရေရိက္ခာဖူလုံပိုလျှံရေးအတွက် အဆင့်မြင့်စိုက်ပျိုးရေးသိပ္ပံပညာရပ်များကို ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့အချိုးညီညီ သင်ကြားပို့ချပေးလျက်ရှိပြီး အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိသည့် နိုင်ငံ၏တစ်ခုတည်းသောတက္ကသိုလ်တစ်ခုဖြစ်ပေသည်။ တက္ကသိုလ်သည် စိုက်ပျိုးရေးတက္ကသိုလ်မှဘွဲ့ရများကို အလုပ်ခန့်ထားမည့် အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ၏လိုအပ်ချက်များကို ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ စဉ်ဆက်မပြတ်ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပြီး တက္ကသိုလ်ပြင်ပအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ဌာနတွင်း၊ ဌာန ပြင်ပစာရင်းစစ်များ၏ စီမံခန့်ခွဲမှုဆိုင်ရာ သုံးသပ်ချက်များကိုအခြေခံ၍ အရည်အသွေးစီမံခန့်ခွဲမှုစနစ်(Quality Management System)ဖြင့် တက္ကသိုလ်၏ အရည်အသွေးကိုမြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

ထို့အတူပင် နိုင်ငံတော်သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အဓိကလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်တစ်ခုစီ တိုးချဲ့ဖွင့်လှစ်နိုင်ရေးရည်မှန်းကြိုးစားလျက်ရှိပေသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်ဖွင့်လှစ်နိုင်မည့်နေရာရရှိရေးအတွက် သင့်တော်သည့်ဒေသများ ရှာဖွေရာတွင် မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဆိုရာ၊ ရေမြေရာသီဥတုနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြည့်စုံသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ကို ရွေးချယ်ခဲ့သည်။ နိုင်ငံတော်၏လမ်းညွှန်ချက်ချက်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်နိုင်ရေး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ဆောင်ရွက်ခြင်း၊ ဒုတိယဝန်ကြီးများ ဦးဆောင်သောကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖြင့် မြေပြင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခွင့်ပြုချက်ရယူ၍ စနစ်တကျဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအောက်ပိုင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို စိတ်ပါဝင်စားကြသည့် G-12 ကို အဆင့်မီအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာစက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများမှ အဆင့်မီအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများက အဆင့်မီအောင်မြင်သောကျောင်းသား၊ ကျောင်းသူများသည် သတ်မှတ်ထားသည့် သင်တန်းများတွင် တက်ရောက်နိုင်မည်ဖြစ်သည်။ အကျိုးရလဒ်အားဖြင့် ဒေသခံကျောင်းသား၊ ကျောင်းသူများသည် မိဘအုပ်ထိန်းသူများနှင့် ရင်အုပ်မကွာနေထိုင်၍ အဆင့်မြင့်ပညာရပ်များလေ့လာသင်ယူသွားနိုင်မည့် အခွင့်အရေးများ ရရှိစေခြင်းနှင့်အတူ နိုင်ငံတော်အတွက်လည်း အားထားယုံကြည်ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို များစွာအကျိုးပြုစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာသင်ကြားလိုစိတ်ရှိသူတိုင်းဘဝအနာဂတ်အလင်းတန်းများကို မြင်တွေ့ခွင့်ရရှိမည်သာဖြစ်သည်။ ယနေ့ခေတ်ပညာရေးသည် ပညာနှင့်အလုပ်အကိုင် ဆက်စပ်ရရှိစေနိုင်သည့်အခြေအနေများကို ဖန်တီးပေးခြင်းကြောင့် အဆိုပါပညာရေးစနစ်အတွင်း တည်ရှိနေကြသည့် မိဘနှင့်ဆရာသမားများ၏လမ်းညွှန်မှုနှင့်အညီ ကျောင်းသား၊ ကျောင်းသူအားလုံး စိတ်တူကိုယ်တူလိုက်ပါကြရမည်ဖြစ်သည်။ မိမိနှစ်သက်ရာ ဘာသာရပ်အလိုက်၊ ဝါသနာအလိုက် ရွေးချယ်ပြီး နိုင်ငံ၏လိုအပ်နေသည့် ကွက်လပ်များတွင် တာဝန်ထမ်းဆောင်နိုင်ရေး လှုံ့လပြုရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးအခန်းကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍသစ်များကို ပီပီပြင်ပြင် ဖော်ဆောင်ကြရမည်ဖြစ်သည်။ ပညာခေတ်တွင် ပညာဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည့်အလျောက် မိဘများအနေဖြင့် မိမိရင်သွေး သား၊ သမီးများကို ပညာအမွေပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လူငယ်များအတွက် ကိုယ့်အားကိုယ်ကိုး ဝင်ငွေတိုးပွားရရှိစေမည့်ပညာရေးလမ်းကြောင်းများ လမ်းဖွင့်ပေးလျက်ရှိပေသည်။ အတန်းပညာပြီးမြောက်မှု၏ သင်္ကေတဖြစ်သည့် ဘွဲ့တစ်ခုရရှိခြင်းမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဘဝစိတ်ကူးများ ပိုင်ဆိုင်ခွင့်ရှိပေသည်။ ရာထူးမြင့်မားလိုစိတ်၊ ချမ်းသာကြီးပွားလိုစိတ်၊ အောင်မြင်ကျော်ကြားလိုစိတ် အစရှိသောစိတ်ကူးအိပ်မက်များစွာကို ပညာသော့ဖြင့်ဖွင့်နိုင်ပြီး အနာဂတ်လူ့ဘောင်ဖွံ့ဖြိုးရေး၊ ကဏ္ဍစုံဖွံ့ဖြိုးရေးကာလ၊ ဉာဏစွမ်းပကားဖြင့် မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ပေသည်။ နိုင်ငံ၏ကုန်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်သည့် လယ်ယာ၊ သား၊ ငါး၊ သစ်တော၊ သတ္တုကဏ္ဍစုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှသာ အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့အကျိုး၊ မိမိနှင့်မိမိပတ်ဝန်းကျင်ကောင်းကျိုးများကို ဖန်တီးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ကဖွင့်လှစ်ပေးထားသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်ကို တက်ရောက်၍ ပညာသင်ကြားနိုင်မည်ဖြစ်သည်။ ထိုသို့ပညာ သင်ကြားနိုင်ရန်အတွက် ယခုကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တက္ကသိုလ်သစ်ကြီးကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်မိပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားလိုက်ရပါသည်။

**ထက်ဝေအောင်(စစ်ကိုင်း)**

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၂၄-၁၀-၂၀၂၅** ရက်နေ့မှ စတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# မဟာယ်ကျောက်ပြားစက်ရုံ (မန္တလေး)

**အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .**

**CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## မစန်းစန်းဝင်း (ဘ) အရှိုးကူးမားရ်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ အောင်သာယာနယ်မြေ (၄)နေ အရှိုးကူးမားရ် + မရီးသားတို့၏ ဒုတိယသမီးဖြစ်သူ မစန်းစန်းဝင်း (၅/စကန(နိုင်)၃၁ဂ၈၈၇)သည် မိဘစကားနားမထောင်ဘဲ ခွင့်မလွှတ်နိုင်သောအမှုကိုပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသည်။ သို့ဖြစ်ပါ၍ မိဘများက ၎င်းကို ခွင့်မလွှတ်နိုင်သောကြောင့် အမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ခံဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)**

အရှိုးကူးမားရ်
(၅/စကန(နိုင်)၀၃၂၄၂၀)
ရွာထောင်ရပ်ကွက်၊ အောင်သာယာနယ်မြေ(၄)၊
စစ်ကိုင်းမြို့။
09–428015056





## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦးအလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားလိုသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉ လမ်း၊ ၂၇–၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**


## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ မအိအိမွန်ရည် (ဘ) ဦးမင်းအောင်(၉/ခမစ(နိုင်)ဂ၈၁၉၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–763593300**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်နေ ဒေါ်ဆွေဆွေမောင် (ဘ) ဦးမောင်မောင်(၉/မရတ(နိုင်)ဂ၁၄၄၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–763593300**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ 64 လမ်း၊ 111(A) လမ်းထောင့်နေ ခင်မာဝေ (ခ) ဇီဖန့်လန့် (ဘ) ဦးစီရှင်ဟွာ(၁၃/ကခန(နိုင်)ဂ၇၄၉၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME–089226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–2061586**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–4 တွင် တက်ရောက်နေသော (ဘ) ဦးစည်သူမောင်၏သား မောင်မိုးထက်မြင့်သူအား မောင်မင်းသန့်စည်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းသန့်စည်သူ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အထက–တောင်ဘီလူကျောင်း ဆဋ္ဌမတန်း(က)တွင်ပညာသင်ကြားနေသော မသွန်းရတီဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းမင်းထွန်းဖြစ်ပါကြောင်း။ **ဦးစိုင်းမင်းထွန်း(၉/တတဥ(နိုင်)၁၄၆ဂ၂၁)**

❖ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကို အကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လို...

❖ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက်အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၂၃၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်





တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၂ ထပ်တိုက် အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းနေသည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ကမ္ဘာတစ်ဝန်းလုံးက ကန့်ကွက်ရှုတ်ချလျက်ရှိသော Online လိမ်လည်မှုများနှင့် Online လောင်းကစားမှုများ ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့် နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများနှင့် Online လိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ တရားမဝင်ပြည်ပနိုင်ငံသားများကို ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ပြည်နှင့်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၂၄ ကော်လံ ၁ ☆

**အမေရိကန်နိုင်ငံအစိုးရ၏ မြန်မာနိုင်ငံသားများအပေါ် Temporary Protected Status(TPS)ပေးထားရာမှ ရပ်ဆိုင်းခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်** စာမျက်နှာ - ၂၂

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် ရန်ကြီးအောင်လမ်းပေါ်၌ စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စာမျက်နှာ ၂၅ ကော်လံ ၁ ❑

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

